**မြန်မာ့အလင်း**

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

### သူတော်ကောင်းတရားမှ မဆုတ်ယုတ်

တရားလျှင် မွေ့လျော်ရာရှိသော၊ တရား၌ မွေ့လျော်တတ်သော၊ တရားကို အဖန်ဖန်ကြံစည်တတ်သော၊ တရားကို အဖန်ဖန်အောက်မေ့တတ်သော ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်။

ဘိက္ခုဝဂ် (ဓမ္မပဒ-၃၆၄)

၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက် | ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၂၅ ရက်၊ သောကြာနေ့ | အတွဲ (၆၂)၊ အမှတ်(၃၂၅)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်အဆက်အသွယ်ထူထောင်မှု (၇၅)နှစ်ပြည့်မြောက်သော စိန်ရတုအထိမ်းအမှတ်ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အပြန်အလှန်ပေးပို့

နေပြည်တော် ဩဂုတ် ၂၄

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်အဆက်အသွယ်ထူထောင်မှု (၇၅)နှစ်ပြည့်မြောက်သော စိန်ရတုအထိမ်းအမှတ်အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာ (ငြိမ်း)တို့အကြား၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွန်းဝီနိုင်းတို့အကြား ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အပြန်အလှန်ပေးပို့ခဲ့ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် အဖိတ်နေ့နှင့် ဥပုသ်နေ့များ၌ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ



နေပြည်တော် ဩဂုတ် ၂၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။ (ဓာတ်ပုံ)

အဖိတ်နေ့နှင့် ဥပုသ်နေ့ဖြစ်သော ဩဂုတ် ၂၃ ရက်နှင့် ယနေ့တို့တွင် အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ တံတား၊ ဥယျာဉ်များ၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီအဆူ ၇၂၀ တို့အပါအဝင် *စာမျက်နှာ ၈ ကော်လံ ၁* ❖

### ယနေ့ ဖတ် စ ရာ

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း CGTN ရုပ်သံဌာနမှ တွေ့ဆုံမေးမြန်းမှုများကို ဖြေကြား
အင်တာဗျူး | စာ ၉

မာရ်စိတ်ကို တွန်းဖြိုဖျက်၍ မာရ်ငါးပါးလည်း အောင်နိုင်စေ
ဆောင်းပါး | စာ ၁၀

ဖူကူရှီးမား ဒိုင်အိချီ နျူကလီးယားဓာတ်အားပေးစက်ရုံမှ ရေဆိုးများစွန့်ထုတ်မှုစတင်
နိုင်ငံတကာသတင်း | စာ ၁၃

# ကျင့်ဝတ်လိုက်နာ၊ သိက္ခာထိန်းသိမ်း သမာသမတ်ကျစွာ စီးပွားရှာ

အယ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုနှင့် ယူကရိန်း-ရုရှား ပဋိပက္ခတို့ကို အကြောင်းပြု၍ ကမ္ဘာတစ်ဝန်း ဆန်လိုအပ်ချက်မြင့်မားနေခြင်းနှင့်အတူ ကမ္ဘာ့ဆန်ဈေးကွက်တွင် ဆန်ဈေးနှုန်းများလည်း မြင့်တက်လျက်ရှိကြောင်း နိုင်ငံတကာသတင်းများက ဆိုသည်။ မြန်မာနိုင်ငံအနေဖြင့်မူ မိုးစပါးပေါ်မည့်အချိန်သည် အယ်နီညိုဝင်ရောက်မည့်အချိန်နှင့် လွတ်ကင်းသည့်အတွက် မိုးစပါးအထွက်ကို မထိခိုက်နိုင်ခြင်းနှင့် မြေပြင်ဆန်လက်ကျန်ပမာဏတို့အရ ပြည်တွင်းဆန်ဖူလုံမှုရှိနိုင်ကြောင်း သတင်းစာရှင်းလင်းပွဲအချက်အလက်များအရ သိရသည်။

လက်ရှိ ပြည်တွင်းဆန်ဈေးနှုန်း ကြီးမြင့်နေခြင်းကို ထိန်းကျောင်းခြင်းနှင့် နိုင်ငံတော်က အရန်ဆန်စုဆောင်းလျက်ရှိခြင်းတို့ကိုလည်း သတင်းတွင်တွေ့ရှိရသည်။ ဆန်သည် မိမိတို့နိုင်ငံ၏ အဓိကအကျဆုံးစားကုန်ဖြစ်ပြီး ဆန်ဈေးနှုန်းများ တရိပ်ရိပ်မြင့်တက်နေခြင်းအပါအဝင် အခြေခံစားကုန်များ ဈေးနှုန်းမြင့်တက်လာနေခြင်းတို့က အခြေခံလူတန်းစားများအပေါ်တွင် တိုက်ရိုက်သက်ရောက်မှုရှိသည်။ ဝင်ငွေနည်းပြည်သူများအနေဖြင့် ဝင်ငွေ၏ ရာခိုင်နှုန်းအများစုကို ဆန်အတွက် သုံးစွဲလိုက်ရပြီး ကျန်ငွေဖြင့် အာဟာရပြည့်ဝသည့် ဟင်းလျာဖန်တီးရေး၊ ကျန်းမာရေး၊ ပညာရေးအပါအဝင် ကိစ္စများစွာတို့အတွက် ခွဲဝေဆောင်ရွက်နိုင်ရန်မှာ များစွာခက်ခဲမှုရှိသည်။

မြန်မာနိုင်ငံတွင် မုတ်သုံရာသီကို အဓိကအားထား၍ မိုးစပါးကို အများအပြား စိုက်ပျိုးကြပြီး နွေစပါးကိုမူ ဆည်ရေအဆင်ပြေသည့်ဒေသများတွင်သာ စိုက်ပျိုးကြခြင်းဖြစ်သည်။ စပါးပေါ်ချိန်နှင့် စပါးအထွက်နှုန်းတို့အပေါ် မူတည်၍ ဈေးနှုန်းအတက်အကျရှိနိုင်သည်မှာ ဈေးကွက်သဘာဝဖြစ်သည်ဟု ဆိုနိုင်သော်လည်း မိမိတို့နိုင်ငံတွင် ဆန်ဈေးနှုန်းမတည်ငြိမ်မှုက အိမ်နီးချင်း ဆန်တင်ပို့သည့် နိုင်ငံများဖြစ်သော ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားတို့ထက် ပိုမိုပြင်းထန်ကြမ်းတမ်းနေကြောင်း ကမ္ဘာ့ဘဏ်၏ လေ့လာချက်တစ်ရပ်တွင် တွေ့ရသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၂) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှ အချက်အလက်များအရ "မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် ကုန်ဈေးနှုန်းကြီးမြင့်မှုအများစုသည် ဝိသမလောဘသားများ၏ လှုံ့ဆော်မှုကြောင့်ဖြစ်သည်ကို အဓိကတွေ့ရကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ဈေးကစားနေသူများကို ထိထိရောက်ရောက် အရေးယူရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထို့အတူ အခြေခံစားသောက်ကုန်များ ဈေးနှုန်းကြီးမြင့်မှု မဖြစ်ပေါ်စေရန်နှင့် ကုန်ပစ္စည်းပြတ်လပ်မှုများ မရှိစေရေးတို့အတွက် ပိုမိုထိရောက်အောင် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်မှ ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီကို ဖွဲ့စည်းထားကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီများ ပြင်ဆင်ဖွဲ့စည်းပြီး စားနပ်ရိက္ခာ ပြည့်ပြည့်ဝဝ ထုတ်လုပ်နိုင်ရန် ထိထိရောက်ရောက် ကူညီပံ့ပိုးဆောင်ရွက်နေကြောင်း၊ ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီအနေဖြင့် ဒေသအသီးသီးတွင် ဖြစ်ပေါ်နေသည့် ကုန်ဈေးနှုန်းများကို နေ့စဉ်စိစစ်ပြီး လိုအပ်သည့်ထိန်းကျောင်းမှုများကို စီမံဆောင်ရွက်နေကြောင်း" သိရသည်။

မြန်မာနိုင်ငံတွင် ဗဟိုက ဦးစီးချုပ်ကိုင်သည့် စီမံကိန်းချစီးပွားရေးစနစ် ၁၉၈၈ ခုနှစ်တွင် နိဋ္ဌိတံသွားပြီးသည့်နောက် အစိုးရက ပါဝင်စွက်ဖက်မှုနည်းသည့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလာခဲ့သည်မှာ ဆယ်စုနှစ် သုံးခုမက ကျော်လွန်လာခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံ၏ စီးပွားရေးသည် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်ကဏ္ဍ သုံးရပ်တို့ ပါဝင်သည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများအပေါ်တွင် အဓိကတည်မှီနေပြီး ယင်းလုပ်ငန်းများအားလုံးမှာ ပုဂ္ဂလိကပိုင်ဆိုင်မှုများသာဖြစ်သည်။ မြန်မာ့စီးပွားရေးအသိုက်အဝန်းအနေဖြင့် ကုန်ထုတ်လုပ်ရာတွင်ဖြစ်စေ၊ ကုန်သွယ်ရောင်းဝယ်ရာတွင်ဖြစ်စေ၊ ဝန်ဆောင်မှုပေးရာတွင်ဖြစ်စေ တာဝန်သိသိ၊ ဂုဏ်သိက္ခာရှိရှိနှင့် ကျင့်ဝတ်လိုက်နာ၊ သမာသမတ်ကျသော အသိုက်အဝန်းကို ခိုင်ခိုင်မာမာ တည်ဆောက်ထားနိုင်ရန်လိုအပ်သည်။

မသမာသောစီးပွားရှာပုံစံများဖြင့်ကောလာဟလများလွှင့်ကာ ပွဲလုန့်ဖျာခင်းသည့် လုပ်ရပ်မျိုး၊ ပုံမှန်စီးပွားရေးမဟုတ်သည့် ငါးပွက်ရာ ငါးစာချသည့် စီးပွားရှာနည်းမျိုးများ၊ ကျင့်ဝတ်သိက္ခာကင်းမဲ့သည့် စီးပွားရှာနည်းမျိုးများဖြင့် ရေရှည်တည်တံ့၍ ဖွံ့ဖြိုးတိုးတက်သော စီးပွားရေးအသိုက်အဝန်းကို တည်ဆောက်နိုင်မည်မဟုတ်သကဲ့သို့ နိုင်ငံတကာစီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်မှာလည်း အလှမ်းဝေးနေမည်ဖြစ်ရာ ဖြစ်သင့်သည်ထက် အမြတ်ရရေး လွန်လွန်ကဲကဲ ဦးစားပေးသော ဝိသမလောဘဇောတို့ကို ထိန်းသိမ်းငြိမ်းသတ်ကြရပါမည့်အကြောင်း။ ။

## ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၇၇/၂၀၂၃
၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)

**ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးအောင်မြင့်အား ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂၄

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းမည်။ မိုး/ဇလ

## မိတ္ထီလာမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် ကြက်ဥများ လှူဒါန်း

နေပြည်တော် ဩဂုတ် ၂၄

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မိတ္ထီလာခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းထွန်းနှင့် ဝန်ထမ်းများသည် မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ထမုန်ကန်ကျေးရွာအုပ်စု အုတ်ကျင်းကျေးရွာ ဝေဇယန္တာကျောင်းတိုက်ရှိ သံဃာတော်များ၊ စာသင်သား သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ၊ ကြက်ဥနှင့် အခြားစားသောက်ဖွယ်ရာများကို ဝေဇယန္တာအုတ်ကျောင်းတိုက်ဆရာတော် ဦးဝဏ္ဏိတထံ ဆက်ကပ်လှူဒါန်းခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးများမှ ဒေသအတွင်းရှိ သံဃာတော်များ ဆွမ်းအခက်အခဲ မရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥများကို ဒေသအလိုက် လှူဒါန်းလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မဲခေါင်-လန်ချန်းနိုင်ငံများအကြား ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စံပြကျေးရွာထူထောင်ခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့် သံရည်ကျိုပုံသွန်းလောင်းသင်တန်း ပို့ချနေမှုကို ကြည့်ရှုစစ်ဆေး

ပဲခူး ဩဂုတ် ၂၄

ပဲခူးမြို့နယ် ရွာသစ်ကျေးရွာ၌ မဲခေါင် – လန်ချန်းနိုင်ငံများအကြား ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စံပြကျေးရွာထူထောင်ခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့် သံရည်ကျိုပုံသွန်းလောင်းသင်တန်း



စာတွေ့၊လက်တွေ့သင်ကြားပို့ချနေမှုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းနှင့်အဖွဲ့သည် ဩဂုတ် ၂၃ ရက် မွန်းလွဲပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးအောင်က သင်တန်းဖွင့်လှစ်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။ (ဓါတ်ပုံ)

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ကျေးလက်သက်မွေးစီးပွားလုပ်ငန်းများဖြစ်သည့် ကျွဲမွေးမြူရေး၊ ဝက်မွေးမြူရေးနှင့် သီးနှံစိုက်ပျိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းသည် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ပဲခူးခရိုင်နှင့် ညောင်လေးပင်ခရိုင် ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

မောင်ကျော်ကြီး

## ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် ဩဂုတ် ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၂၆ –၈ – ၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ်အတွဲ (၅၅)၊ အမှတ် (၃၄)** တွင် ဘုရင်ကြီးအပေါ်ထားရှိသည့် စေတနာမှန်ကန်မှုကြောင့် ဘုရင်ကြီး၏ လေးလေးစားစား ဆက်ဆံခြင်းကိုခံရသော ဘုရင့်အကြံပေးကြက်တူရွေးအကြောင်း ရေးဖွဲ့ထားသည့် "ပညာရှိ ကြက်တူရွေး" မျက်နှာဖုံးကာတွန်း၊ ကမ္ဘာ့အကြီးဆုံး တိရစ္ဆာန်ဥယျာဉ်ကြီး ၃ ခုအကြောင်းကို ကလေးတို့ ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "ကမ္ဘာ့အကြီးဆုံး တိရစ္ဆာန်ဥယျာဉ်များ" သုတဆောင်းပါး ကဏ္ဍ၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ မိခင်တိုင်းက သူတို့၏သားသမီးများအပေါ် အသက်နှင့်ထပ်တူ ချစ်ခင်ကြသည့်အကြောင်း သရုပ်ဖော်ထားသည့် "အသက်နှင့် ထပ်တူ" နှစ်မျက်နှာကာတွန်း၊ မိမိအပေါ် တစ်ပါးသူ၏ ပြုဖူးသော ကျေးဇူးကို မေ့လျော့ကာ စိတ်ထားကောက်ကျစ်ခဲ့မှုကြောင့် အသက်ပါ ဆုံးရှုံးခဲ့ရသော ကျီးကန်းတစ်ကောင်၏အကြောင်းကို ရေးဖွဲ့ထားသည့် "ကျီးကန်းနဲ့ ပင်လယ်စာ" ပုံပြင်ကဏ္ဍ၊ ကျောင်းစာတွင်သာမက ဗဟုသုတပါ ပြည့်စုံသည့် ရွှေယုအကြောင်း တင်ဆက်ထားသည့် "ရွှေယုပါဝင်တဲ့ စာဖတ်ပါ" တစ်မျက်နှာကာတွန်း၊ အသိပညာ၊ အတတ်ပညာနှင့် ဘဝတိုးတက်ရေးပညာများကို သင်ကြားပေးနေသည့် ဆရာ ဆရာမတို့၏ ဆုံးမစကားများကို လေးစားလိုက်နာကာ တန်ဖိုးထားတတ်ရမည်ဖြစ်ကြောင်း ရေးဖွဲ့ထားသည့် ဆရာမင်းနီခိုင် (မောင်တော) ၏




"ဆရာ့စကား" ကဗျာကဏ္ဍအပါအဝင် ဉာဏ်စမ်းကဏ္ဍနှင့် အင်္ဂလိပ်စကားဝိုင်းကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်းသိရသည်။

သတင်းစဉ်

* ရှေ့ဖုံးမှ

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံ သံတမန် အဆက်အသွယ်ထူထောင်မှု (၇၅)နှစ်ပြည့်မြောက်သော စိန်ရတု အထိမ်းအမှတ် အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံမှ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာ (ငြိမ်း)ထံသို့ ပေးပို့သည့်သဝဏ်လွှာ

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်တွင် ကျရောက်သည့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံ သံတမန်ဆက်သွယ်ထူထောင်မှု (၇၅)နှစ်ပြည့်မြောက်သော အထိမ်းအမှတ် အခါသမယတွင် မိမိမှ နွေးထွေးစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ချစ်ကြည်ရင်းနှီးစွာ နှုတ်ခွန်းဆက်သလိုက်ပါသည်။

နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှု (၇၅)နှစ်ပြည့်မြောက်သည့် အထိမ်းအမှတ်သည် မိမိတို့၏ ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် နှစ်နိုင်ငံအကြားနှင့် နိုင်ငံတကာနယ်ပယ်တွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်နိုင်ရေး အတူတကွ လက်တွဲဆောင်ရွက်မည့်ကတိကဝတ်ကို အားသစ်လောင်းရန် အခွင့်အရေးကောင်းတစ်ရပ် ဖြစ်စေသည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

မိမိတို့၏ ထူးခြားမှုရှိသော နွေးထွေးသည့် ချစ်ကြည်ရင်းနှီးမှုနှင့် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးတို့သည် နှစ်နိုင်ငံဆက်ဆံရေးတွင် ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်လိုက်သည့်အားလျော်စွာ မိမိတို့၏ စုပေါင်းစွမ်းအားမှတစ်ဆင့် ချစ်ကြည်ရင်းနှီးမှု ခိုင်မာစေရေးနှင့်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေး၊ ပြည်သူအချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံမှုအပါအဝင် ကဏ္ဍစုံ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ချဲ့ထွင်ဖော်ဆောင်သွားနိုင်မည်ဟု မိမိအနေဖြင့် အပြည့်အဝယုံကြည်ထားပါသည်။

အခါအခွင့်ကြုံခိုက် အဆွေတော် ဝန်ကြီးချုပ် ကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံ သံတမန် အဆက်အသွယ်ထူထောင်မှု (၇၅)နှစ်ပြည့်မြောက်သော စိန်ရတုအထိမ်းအမှတ် အခါသမယတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာ (ငြိမ်း)ထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံသို့ ပေးပို့သည့်သဝဏ်လွှာ

ယခုနှစ်သည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်မှု (၇၅)နှစ်ပြည့်မြောက်သည့် အထိမ်းအမှတ်အခါသမယဖြစ်သည့်အားလျော်စွာ အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ မိမိအနေဖြင့် နွေးထွေးစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါကြောင်း ပြောကြားလိုပါသည်။

လွန်ခဲ့သည့် (၇၅)နှစ်ကျော်ကာလအတွင်း မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးပြီး နီးကပ်မှုရှိသည့်ဆက်ဆံရေးကို တည်ဆောက်ခံစားလျက်ရှိပါသည်။ တူညီသောယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို အခြေခံသည့် မိမိတို့ပြည်သူများအကြား အားကောင်းသောထိတွေ့ဆက်ဆံမှုများမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးအတွက် ခိုင်မာသည့်အုတ်မြစ်တစ်ရပ် ဖြစ်စေခဲ့ပါသည်။ ရှည်လျားသည့်နယ်နိမိတ်ထိစပ်နေသော အိမ်နီးချင်းနိုင်ငံနှင့် မဟာဗျူဟာမြောက်မိတ်ဖက်များဖြစ်ကြသည့်အားလျော်စွာ မိမိတို့နှစ်နိုင်ငံသည် ဘုံစိန်ခေါ်မှုများကို ဖြေရှင်းရန် အတူတကွ လက်တွဲလုပ်ဆောင်ခဲ့ကြပြီး အပြန်အလှန်အကျိုးစီးပွားအတွက် ကျယ်ပြန့်သည့်နယ်ပယ်ပေါင်းစုံတွင်လည်း ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။

စစ်မှန်သည့် အိမ်နီးချင်းကောင်းစိတ်ဓာတ်ဖြင့် အေးချမ်းသာယာဝပြောသည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ထောင်လိုသည့် မြန်မာနိုင်ငံ၏ ရည်မှန်းချက်အပေါ် ထိုင်းနိုင်ငံအနေဖြင့် ခိုင်မာစွာထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုလိုပါသည်။ နှစ်နိုင်ငံနှင့်ပြည်သူများ၏ အပြန်အလှန် အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းစေရန် လုပ်ဆောင်မည့် မိမိတို့၏ ကတိကဝတ်မှာလည်း မယိမ်းမယိုင်ဘဲ တည်ရှိနေမည်ဖြစ်ပါသည်။ မိမိတို့အကြား တည်တံ့ခိုင်မြဲသည့် မိတ်ဖက်ဆက်ဆံရေးမှာလည်း ဆက်လက်ရှင်သန်တိုးတက်လျက် မိမိတို့နှစ်နိုင်ငံ၏ အပြန်အလှန်ငြိမ်းချမ်းမှု၊ သာယာဝပြောမှုနှင့် တိုးတက်မှုများ ရှေ့ဆက်ဖော်ဆောင်သွားနိုင်ရန်အတွက် လမ်းပြပေးသွားနိုင်မည်ဟု မိမိအနေဖြင့် ခိုင်မာစွာယုံကြည်ထားပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံ သံတမန် အဆက်အသွယ်ထူထောင်မှု (၇၅)နှစ်ပြည့်မြောက်သော စိန်ရတု အထိမ်းအမှတ် အခါသမယတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံမှ ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွန်းဝီနိုင်း ထံသို့ ပေးပို့သည့်သဝဏ်လွှာ

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်တွင် ကျရောက်သည့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန် ဆက်သွယ်ထူထောင်မှု (၇၅)နှစ်ပြည့်မြောက်သော အထိမ်းအမှတ်အခါသမယတွင် မိမိမှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နွေးထွေးစွာ ဆုမွန်ကောင်းများ ပို့သပါကြောင်း နှုတ်ခွန်းဆက်သလိုက်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံနှင့် ဆယ်စုနှစ်များစွာတိုင် နှစ်နိုင်ငံအကြား တည်ရှိခဲ့သည့် အိမ်နီးချင်းကောင်းဆက်ဆံရေးနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုတို့ကို အစဉ်အလေးထား တန်ဖိုးထားလျက်ရှိပါသည်။ နှစ်နိုင်ငံအကြား သံတမန်အဆက်အသွယ် စတင်ထူထောင်သည့် စိန်ရတုအထိမ်းအမှတ်သည် နှစ်နိုင်ငံဆက်ဆံရေးတွင် ကဏ္ဍသစ်တစ်ရပ်ဖွင့်လှစ်လိုက်သည့် အခါသမယဖြစ်သည့်အားလျော်စွာ နှစ်နိုင်ငံနှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက်ရေးရှုလျက် မဟာဗျူဟာ မိတ်ဖက်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးတို့ကို နှစ်နိုင်ငံချင်းသာမက နိုင်ငံတကာမျက်နှာစာတွင်ပါ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်ရေးအတွက် အဆွေတော်နှင့် ပိုမိုနီးကပ်စွာလက်တွဲလုပ်ဆောင်သွားနိုင်မည်ဟု မျှော်လင့်ပါသည်။

အခါအခွင့်ကြုံခိုက် အဆွေတော်ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် ထိုင်းနိုင်ငံနှင့် ထိုင်းပြည်သူပြည်သားများ အဓွန့်ရှည်သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံ သံတမန် အဆက်အသွယ်ထူထောင်မှု (၇၅)နှစ်ပြည့်မြောက်သော စိန်ရတုအထိမ်းအမှတ် အခါသမယတွင် ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွန်းဝီနိုင်း ထံမှ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံသို့ ပေးပို့သည့်သဝဏ်လွှာ

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်အဆက်အသွယ်ထူထောင်မှု (၇၅)နှစ်ပြည့်မြောက်သည့် အထိမ်းအမှတ်အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ ထိုင်းပြည်သူများ၏ကိုယ်စား မိမိမှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါကြောင်း ပြောကြားလိုပါသည်။

လွန်ခဲ့သည့် (၇၅)နှစ်ကျော်ကာလအတွင်း မိမိတို့ နှစ်နိုင်ငံဆက်ဆံရေးသည် ချစ်ကြည်ရင်းနှီးမှုနှင့် ခိုင်မာအားကောင်းမှုရှိခဲ့ပြီးဖြစ်ပါသည်။ မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆက်ဆံရေးသည်လည်း ဆက်လက်တိုးတက် ခိုင်မာလာခဲ့ပါသည်။ မဟာဗျူဟာမြောက် မိတ်ဖက်များဖြစ်သည့် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် မိမိတို့နှစ်နိုင်ငံနှင့် ပြည်သူများအတွက် ဘုံစိန်ခေါ်မှုများကို ဖြေရှင်းခြင်းနှင့် သာယာဝပြောမှုများ ဖော်ဆောင်ခြင်းတို့ဆီသို့ ဦးတည်သည့် လမ်းကြောင်းပေါ်တွင် စတင်လျှောက်လှမ်းနိုင်ခဲ့ပြီ ဖြစ်ပါသည်။

ယခုကဲ့သို့ အရေးပါသည့် နှစ်ပတ်လည် အထိမ်းအမှတ်အခါသမယတွင် ငြိမ်းချမ်းရေး၊ သာယာဝပြောမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ အတူတကွ ဖော်ဆောင်ပြီး၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ လာမည့်နှစ်များစွာတိုင် ဆက်လက်ရှင်သန်စေရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ခိုင်မာအားကောင်းအောင် ဆောင်ရွက်သွားမည့် ထိုင်းနိုင်ငံ၏ ကတိကဝတ်ကို ထပ်လောင်းအတည်ပြုအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည် အလေးထားလျက်ရှိကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းခွင်အကြိုလေ့ကျင့်ရေးသင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းခွင်အကြိုလေ့ကျင့်ရေး သင်တန်း (၁/၂၀၂၃) ဆင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သင်တန်းကျောင်း၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အကျိုးရှိစွာပြန်လည်အသုံးချ**

ဦးစွာ ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် ယခုသင်တန်းတွင် သင်ကြားခဲ့သည့်ဘာသာရပ်များသာမက ပိုမိုသစ်လွင်ကောင်းမွန်သည့် တီထွင်ဆန်းသစ်မှုများကို အမြဲလေ့လာသင်ယူပြီး လက်တွေ့လုပ်ငန်းတွင် အကျိုးရှိစွာ ပြန်လည်အသုံးချပြီး ဝန်ကြီးဌာနနှင့် ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များ ပေါက်မြောက်အောင်မြင်အောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းထမ်းဆောင်ကြစေလိုကြောင်း၊ မိမိတို့ တာဝန်ကျရာဒေသမှ ဒေသခံပြည်သူများ အမှန်တကယ်အကျိုးရှိအောင်၊ အကျိုးပြုအောင်လုပ်ဆောင်နိုင်သည့် ဒုတိယဦးစီးမှူးများနှင့် စာကြည့်တိုက်တာဝန်ခံများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

**သင်တန်းဆင်းလက်မှတ်များပေးအပ်**

ထို့နောက် ဒုတိယဝန်ကြီးက သင်တန်းထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသားခေါင်းဆောင်ထံ ပေးအပ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များနှင့်အညီ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ မူဝါဒနှင့်အခန်းကဏ္ဍ၊ ရည်မှန်းချက်တာဝန်များ၊



နိုင်ငံ့ဝန်ထမ်းများ လိုက်နာကျင့်သုံးမည့် ဥပဒေ၊ နည်းဥပဒေများ၊ ကျင့်ဝတ်များနှင့် ဒုတိယဦးစီးမှူးများ၏ လုပ်ငန်းတာဝန်များကို သိရှိလိုက်နာပြီး ဌာန၏ လုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ လုပ်ငန်းခွင်အကြို လေ့ကျင့်ရေးသင်တန်း (၁/၂၀၂၃)ကို သုံးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးပြီး သင်တန်းသား သင်တန်းသူ ၃၁ ဦး တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့ နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေး အာဆီယံဝန်ကြီးအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် (၁၇) ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများ တက်ရောက်စဉ်။

**နေပြည်တော် ဩဂုတ် ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၀ ရက်မှ ၂၃ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ လာဘွန်ဘာဂျိုးမြို့တွင် ကျင်းပသည့် (၁၇) ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေး အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများ (17th ASEAN Ministerial Mee–ting on Transnational Crime and its Related Meetings – 17th AMMTC) ကို တက်ရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ လာဘွန်ဘာဂျိုးမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြသည်။

17th AMMTC နှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားကို အင်ဒိုနီးရှားနိုင်ငံ လာဘွန်ဘာဂျိုးမြို့ MERUORAH Hotel (မယ်ရိုရာဟိုတယ်) ၌ ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပရာ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံ၊ လေ့လာသူ အရှေ့တီမောနိုင်ငံတို့မှ ဝန်ကြီးအဆင့်များနှင့် အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ ဖွင့်ပွဲအခမ်းအနားတွင် အာဆီယံနိုင်ငံများ၏ အလံတင်အခမ်းအနားပြုလုပ်ခြင်း၊ အင်ဒိုနီးရှားနိုင်ငံတော်သီချင်းနှင့် အာဆီယံသီချင်းတို့ကို ဖွင့်လှစ်ခြင်း၊ အာဆီယံ ၁၀ နိုင်ငံမှ AMMTC ခေါင်းဆောင်/ဝန်ကြီးအဆင့်များ တစ်ဦးချင်း မိတ်ဆက်ခြင်း၊ အိမ်ရှင်အင်ဒိုနီးရှားနိုင်ငံ၏ AMMTC ခေါင်းဆောင်၊ အင်ဒိုနီးရှား အမျိုးသားရဲအဖွဲ့ ရဲချုပ်၊ ရဲဗိုလ်ချုပ်ကြီး Listyo Sigit Prabowo က နှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ အင်ဒိုနီးရှားနိုင်ငံသမ္မတ ဂျိုကိုဝီဒိုဒိုက Video Clip ဖြင့် မိန့်ခွန်းပြောကြားခြင်းများ ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးတက်ရောက်လာသည့် ဝန်ကြီးအဆင့်များနှင့် အာဆီယံဒုတိယအထွေထွေအတွင်းရေးမှူးချုပ်တို့ စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ကြသည်။

(၁၇) ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး အာဆီယံဝန်ကြီးအဆင့်အစည်းအဝေး ပထမနေ့ကို ဩဂုတ် ၂၁ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မယ်ရိုရာဟိုတယ် ကိုမိုဒိုခန်းမ၌ စတင်ကျင်းပရာ အိမ်ရှင်အင်ဒိုနီးရှားနိုင်ငံ AMMTC ခေါင်းဆောင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားခြင်း၊ အာဆီယံဒုတိယအထွေထွေအတွင်းရေးမှူးချုပ်က အာဆီယံ၏ဖြစ်ပေါ်တိုးတက်မှု လက်ရှိအခြေအနေများကို ရှင်းလင်းတင်ပြခြင်း၊ အာဆီယံလူဝင်မှုကြီးကြပ်ရေးဌာနညွှန်ကြားရေးမှူးချုပ်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာဌာနများ၏ (၂၆) ကြိမ်မြောက် အစည်းအဝေးများ၏အစီရင်ခံစာ ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

### ထိရောက်အားကောင်းစေရန်လို

ထို့နောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ AMMTC ခေါင်းဆောင်/ဝန်ကြီးအဆင့်များက အာဆီယံဒေသတွင်း နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြရာ မြန်မာနိုင်ငံ၊ AMMTC ခေါင်းဆောင်၊ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာလုံးဆိုင်ရာအကြမ်းဖက်မှု အညွှန်းကိန်းအစီရင်ခံစာ (၂၀၂၃) အရ အကြမ်းဖက်အုပ်စုများသည် မောင်းသူမဲ့ဒရုန်းများကို စတင်အသုံးပြုလာရာ အနာဂတ်အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာကြောင်း ပြောကြားပြီး မြန်မာနိုင်ငံတွင် အမည်အမျိုးမျိုးဖြင့် ဖွဲ့စည်းထားသော အကြမ်းဖက်အဖွဲ့အစည်း PDFs များ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူ၊ ရဟန်းသံဃာ၊ သီလရှင်သေဆုံးမှုများ၊ ကျန်းမာရေးဆိုင်ရာအဆောက်အဦ၊ လမ်း၊ တံတား၊ လျှပ်စစ်နှင့် ဆက်သွယ်ရေးတာဝါတိုင်/ အဆောက်အဦများ ပျက်စီးဆုံးရှုံးမှုများ၊ Online လိမ်ညာမှုနှင့် ဆက်စပ်ဖြစ်ပေါ်နေသော လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ရွက်နေမှုများ၊ ဆိုက်ဘာမှုခင်းတိုက်ဖျက်ရေး ဆောင်ရွက်မှုများနှင့်ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီး နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် ဒေသတွင်းရာဇဝတ်မှုခင်းများ တိုက်ဖျက်ရေးတွင် ဒေသအဆင့်နှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု ထိရောက်အားကောင်းစေရန် လိုအပ်ချက်များကို အကြံပြုဆွေးနွေးသည်။

17th AMMTC အစည်းအဝေးတွင် အာဆီယံဒေသတွင်း နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေး ထိရောက်စွာပူးပေါင်းဆောင်ရွက်နိုင်မည့် ထုတ်ပြန်ကြေညာချက် ၃ ရပ်၊ ပူးတွဲကြေညာချက် တစ်ခုနှင့် အကြမ်းဖက်မှု၊ လူကုန်ကူးမှု၊ ဆိုက်ဘာမှုခင်း၊ လက်နက်မှောင်ခိုမှုများဆိုင်ရာ လုပ်ငန်းစီမံချက် လေးခု၊ ပေါင်း ရှစ်ခုတို့ကို အသေးစိတ်ဆွေးနွေး/အကြံပြုခဲ့ကြပြီး အတည်ပြု၍ အစည်းအဝေးအစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသည်။

### ပွင့်လင်းစွာဆွေးနွေး

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Xu Datong တို့သည် နှစ်နိုင်ငံသီးခြားတွေ့ဆုံ၍ မြန်မာ–တရုတ် နှစ်နိုင်ငံလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်စပ်ဒေသစီမံခန့်ခွဲရေးဆိုင်ရာ MoU အရ ဝန်ကြီးအဆင့် အစည်းအဝေးကျင်းပရေး၊ မြန်မာနိုင်ငံ နယ်စပ်ဒေသများတွင်ဖြစ်ပေါ်နေသော Online လိမ်ညာမှု မှုခင်းများတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးနှင့်ထိန်းချုပ်ဓာတုပစ္စည်းများ အန္တရာယ် ကာကွယ်တားဆီးနှိမ်နင်းနိုင်ရေးတို့တွင် သတင်းအချက်အလက်ဖလှယ်ရေးနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ခဲ့ကြသည်။

အစည်းအဝေးဒုတိယနေ့ကို ဩဂုတ် ၂၂ ရက်တွင် အဆိုပါဟိုတယ်၌ ဆက်လက်ကျင်းပရာ အာဆီယံဆွေးနွေးဖက်နိုင်ငံများဖြစ်သော အာဆီယံအပေါင်း ၃ (တရုတ်၊ ဂျပန်၊ ကိုရီးယား) 13th AMMTC + 3 Consultation အစည်းအဝေးကို နံနက် ၉ နာရီတွင်လည်းကောင်း၊ တရုတ်နိုင်ငံနှင့် 10th AMMTC + China Consultation အစည်းအဝေးကို နံနက် ၁၀ နာရီတွင်လည်းကောင်း ကျင်းပရာ မြန်မာနိုင်ငံ AMMTC ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Xu Datong တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အကြမ်းဖက်သမားများနှင့် ရာဇဝတ်ဂိုဏ်းများသည် Globalization ကြောင့် ဖြစ်ပေါ်လာသည့်နည်းပညာအခွင့်အလမ်းများကို အသုံးချကျူးလွန်လျက်ရှိရာ ထိရောက်စွာတိုက်ဖျက်နိုင်ရေးနှင့်လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများဖြေရှင်းနိုင်ရန် လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများ အကောင်အထည်ဖော်မှုများ လိုအပ်ပါကြောင်း၊ အာဆီယံနှင့် တရုတ်နိုင်ငံတို့အကြား သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာ (၂၀၁၇–၂၀၂၃) အကောင်အထည်ဖော်မှုတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

### ပူးတွဲထုတ်ပြန်ချက်ကို အတည်ပြု

အစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အကြံပြုချက်နှင့် ဆွေးနွေးမှုများကို ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ 10th AMMTC + China Consultation ၏ ပူးတွဲထုတ်ပြန်ချက်ကို အတည်ပြုခြင်းတို့ ဆောင်ရွက်နိုင်ခဲ့သည်။

ထို့နောက် ဂျပန်နိုင်ငံနှင့် 8th AMMTC + Japan Consultation အစည်းအဝေးကို လည်းကောင်း၊ ကိုရီးယားနိုင်ငံနှင့် 3rd AMMTC + ROK Consultation အစည်းအဝေးကိုလည်းကောင်း ဆက်လက်ကျင်းပပြုလုပ်ခဲ့ပြီး 8th AMMTC + Japan အစည်းအဝေးတွင် ဂျပန်နိုင်ငံ AMMTC ခေါင်းဆောင်က မြန်မာနိုင်ငံပြည်တွင်းရေးနှင့် ပတ်သက်သည့်အခြေအနေများကို ဝေဖန်ပြောဆိုခဲ့မှုအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်တုံ့ပြန်ပြောကြားရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားနိုင်ငံတစ်ခုက ဝင်ရောက်စွက်ဖက်ခြင်းမရှိဘဲ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ခြင်းအားဖြင့် ဒေသတွင်းအကျိုးစီးပွားကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးသည် အာဆီယံဒေသတွင်း နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်သည့်ဆွေးနွေးမှုနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ပူးပေါင်းဆောင်ရွက်မှုကိုသာ ဆွေးနွေးရန်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ဖြစ်ပေါ်တိုးတက်မှုများသည် ပြည်တွင်းရေးမျှသာဖြစ်ပြီး ဒေသတွင်းအရေးကိစ္စ မဟုတ်ပါကြောင်း၊ ယခုလိုဒေသတွင်းအစည်းအဝေးများတွင် ဆွေးနွေးမည်မဟုတ်ပါကြောင်း၊ မြန်မာ့နိုင်ငံရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည်များရှိပါက နှစ်နိုင်ငံတွေ့ဆုံပြီး သီးခြားဆွေးနွေးနိုင်ပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။

(၁၇) ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးအာဆီယံဝန်ကြီးအဆင့် အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများတွင် ထုတ်ပြန်မည့်ကြေညာချက်များနှင့် လုပ်ငန်းစီမံချက်များအား အတည်ပြုနိုင်ရေးအတွက် အဆင့်မြင့်အရာရှိကြီးများအဆင့် ကြိုတင်ညှိနှိုင်းအစည်းအဝေး (Preparatory SOMTC) ကို ဩဂုတ် ၂၀ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် အဆိုပါဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ SOMTC ခေါင်းဆောင် ဒုတိယရဲချုပ်၊ ရဲဗိုလ်ချုပ် အောင်အောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဩဂုတ် ၂၄**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မော်လမြိုင်ကျွန်းမြို့တွင် ၃ ဒသမ ၄၂ လက်မ၊ သထုံမြို့တွင် ၃ ဒသမ ၁၁ လက်မ၊ ကိုကိုးကျွန်းမြို့နှင့် ကျိုက္ခမီမြို့တို့တွင် ၃ ဒသမ ၀၃ လက်မစီ၊ ဘီးလင်းမြို့တွင် ၂ ဒသမ ၈၃ လက်မ၊ နေပြည်တော်လေဆိပ် (ဧလာ) နှင့် ခနောင်းမြို့တို့တွင် ၂ ဒသမ ၆၃ လက်မစီ၊ လောင်းလုံးမြို့တွင် ၂ ဒသမ ၄၈ လက်မ၊ ပိုင်ကျုံမြို့တွင် ၂ ဒသမ ၃၀ လက်မ၊ ပူတာအိုမြို့တွင် ၂ ဒသမ ၂၅ လက်မနှင့် ရှမ်းရွာသစ်မြို့နှင့် ရေးမြို့တို့တွင် ၂ ဒသမ ၁၇ လက်မစီတို့ဖြစ်ကြသည်။

**မိုး/ဇလ**

# ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဇွန်လကုန်အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ရာဇဝတ်မှုပေါင်း ၇၄၇ မှုလက်ခံရရှိပြီး ၅၈၆ မှုစစ်ဆေးပြီးစီးခဲ့

နေပြည်တော် ဩဂုတ် ၂၄

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ် တရားလွှတ်တော်များ၏ (၂၅) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။**




ဦးစွာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးက တရားရုံးများသည် တရားစီရင်ရေး ဖြောင့်မတ်မှန်ကန်ရေး၊ တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် အဓိကတာဝန်ရှိကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူအများ ယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ်ပေါ်ထွန်းရေး၊ အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေး၊ တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေးစသည့် အဓိကလုပ်ငန်းတာဝန်များကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ သီးသန့်တရားရုံးဖြင့် ရုံးထိုင်စစ်ဆေးနေသည့် အမှုများကိုလည်း ကြန့်ကြာမှုမရှိစေဘဲ မှန်ကန်မြန်ဆန်စွာ စစ်ဆေးပြီးပြတ်ရေးအတွက် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ သက်သေခံပစ္စည်းများ စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကိုလည်း တိတိကျကျ လိုက်နာဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားကြရန်နှင့် လုပ်ငန်းကျွမ်းကျင်မှုရှိရေး၊ လုပ်ရည်ကိုင်ရည်အရည်အသွေးမြင့်မားရေး၊ အဂတိလိုက်စားမှုကင်းရှင်းရေး၊ ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ စိတ်ဓာတ်မြင့်မားရေးတို့အတွက်လည်း ကြပ်မတ်လမ်းညွှန်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ တရားစီရင်ရေး ငါးနှစ်မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ၏ ပထမနှစ်လုပ်ငန်းအစီအစဉ် (၂၀၂၃) အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

**၁၀၉၉၉ မှု စစ်ဆေးပြီး**

မှုခင်းများစစ်ဆေးစီရင်ခဲ့မှုနှင့် စပ်လျဉ်းပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင်** ရာဇဝတ်အမှုပေါင်း **၇၄၇** မှု လက်ခံရရှိပြီး **၅၈၆** မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း **၁၁၀၆** မှု လက်ခံရရှိပြီး အမှု **၈၂၀** စစ်ဆေးပြီးပြတ်ကြောင်း၊ **တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များတွင်** ရာဇဝတ်အမှုပေါင်း **၂၆၉၃** မှု လက်ခံရရှိပြီး **၂၃၂၉** မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း **၂၅၇၅** မှု လက်ခံရရှိပြီး (ယခင်နှစ် အမှုလက်ကျန် ၅၃ မှု အပါအဝင်) **၂၆၂၈** မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးများနှင့် ခရိုင်တရားရုံးများတွင်** ရာဇဝတ်အမှုပေါင်း **၁၁၉၁၅** မှု လက်ခံရရှိပြီး (ယခင်နှစ် အမှုလက်ကျန် ၁၀၉၀ မှု အပါအဝင်) **၁၃၀၀၅** မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း **၇၈၃၀** လက်ခံရရှိပြီး **၇၈၂၄** မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **မြို့နယ်တရားရုံးများတွင်** ရာဇဝတ်အမှုပေါင်း **၁၀၆၃၆၀** မှု လက်ခံရရှိပြီး (ယခင်နှစ် အမှုလက်ကျန် ၃၆၃၉ မှု အပါအဝင်) **၁၀၉၉၉၉** မှု စစ်ဆေးပြီးပြတ်ကြောင်း။

**မှန်ကန်မြန်ဆန်စွာစစ်ဆေး**

တရားမအမှုပေါင်း **၉၂၆၁** မှု လက်ခံရရှိပြီး (ယခင်နှစ် အမှုလက်ကျန် ၈၃၁ မှု အပါအဝင်) **၁၀၀၉၂** မှု စစ်ဆေးပြီးပြတ်ကြောင်း၊ ဥပဒေအရတည်ထောင်သော အခြား တရားရုံးများဖြစ်သည့် **ကလေးသူငယ်တရားရုံး** (ရန်ကုန်နှင့်မန္တလေး) တွင် ကလေးသူငယ်ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၂၁၇ မှု လက်ခံရရှိပြီး **၁၉၉** မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **စည်ပင် သာယာတရားရုံး** (နေပြည်တော်၊ ရန်ကုန် နှင့် မန္တလေး) တို့တွင် စည်ပင်သာယာ ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း **၁၇၄၉** မှု လက်ခံရရှိပြီး **၁၇၃၃** မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **မော်တော်ယာဉ်တရားရုံး** (နေပြည်တော်၊ ရန်ကုန် နှင့် မန္တလေး) တို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်၍ မော်တော်ယာဉ်ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း **၄၃၃၂၀** မှုကို စစ်ဆေးစီရင်ခဲ့ကြောင်းနှင့် ဆက်လက်၍လည်း အမှုများကြန့်ကြာမှု မရှိစေဘဲ မှန်ကန်မြန်ဆန်စွာ စစ်ဆေးပြီးပြတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များနှင့် တိုင်းဒေသကြီး/ ပြည်နယ် တရားရေးဦးစီးမှူးများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မြန်မာနိုင်ငံရှိ အသေးစားချေးငွေလုပ်ငန်းများတွင် ငွေစုဆောင်းသည့် အလေ့အကျင့်များဖြစ်ပေါ်ရေး အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်

နေပြည်တော် ဩဂုတ် ၂၄

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအထူးရန်ပုံငွေ (၂၀၂၁) စီမံကိန်းအရ "မြန်မာနိုင်ငံရှိ အသေးစား ချေးငွေလုပ်ငန်းများတွင် ငွေစုဆောင်းသည့် အလေ့အကျင့်များဖြစ်ပေါ်ရေး အလုပ်ရုံဆွေးနွေးပွဲ"ကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ ကျင်းပသည်။



အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ) မှ တာဝန်ရှိသူများ၊ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ် သမဝါယမ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများ၊ သမဝါယမအသင်းစုချုပ်များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မဲခေါင်နိုင်ငံ ၅ နိုင်ငံဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး မဲခေါင်ဒေသတွင်းနိုင်ငံများ၏ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်တစ်ခုဖြစ်ကြောင်း။

ယခု မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၁)စီမံကိန်းကို ၂၀၂၂ခုနှစ် ဧပြီလမှ ယခုနှစ် စက်တင်ဘာလအထိ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး စီမံကိန်း လုပ်ငန်းတစ်ခုဖြစ်သည့် အသေးစားချေးငွေလုပ်ငန်းများတွင် ငွေစုဆောင်းသည့် အလေ့အကျင့်၏ အခန်းကဏ္ဍ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း။

ဆွေးနွေးပွဲတွင် သမဝါယမ အသေးစားချေးငွေ လုပ်ငန်းနှင့် ပတ်သက်ပြီး ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ နိုင်ငံတကာ၌ ကျင့်သုံးလျက်ရှိသည့် မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ သမဝါယမအသင်းများ၏ အသေးစားချေးငွေလုပ်ငန်း ဆောင်ရွက်နေမှုများ၊ မိမိတို့ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အသေးစားချေးငွေလုပ်ငန်း ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲ၊ အားနည်းချက်၊ အားသာချက်များ၊ သမဝါယမအသင်းများ ပိုမိုကောင်းမွန်စွာ ရပ်တည်ဆောင်ရွက်သွားနိုင်မည့် နည်းလမ်းများကို နှီးနှောဖလှယ်ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ) ဒုတိယဥက္ကဋ္ဌတို့က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယပိုင်းအစီအစဉ်အဖြစ် CBC Myanmar Microfinance မှ Managing Director နှင့် Chief Operating Officer ၊ သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက မေးခွန်းများ မေးမြန်းဆွေးနွေးခြင်းများကို ဆောင်ရွက်ကြပြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သုံးသပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဩဂုတ် ၂၄

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# နိုင်ငံပိုင်စက်ရုံ/အလုပ်ရုံများနှင့် ငှားရမ်းစက်ရုံများ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဩဂုတ် ၂၄**

နိုင်ငံပိုင်စက်ရုံ/အလုပ်ရုံများနှင့် ငှားရမ်းစက်ရုံများ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ စက်ရုံမှူးများ၊ စိုက်ကွင်း/စိုက်ခြံတာဝန်ခံများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### စက်ရုံများကို ပြန်လည်လည်ပတ်

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာန စက်မှုလုပ်ငန်းများ ကြီးကြပ်မှုအောက်ရှိ လည်ပတ်နေသည့် စက်ရုံ/အလုပ်ရုံများ၊ ငှားရမ်းစက်ရုံများနှင့်ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများကို ဝိုင်းဝန်းဆွေးနွေးအဖြေရှာပြီး ထွက်ရှိလာသည့် ရလဒ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားနှင့် လုံခြုံရေးမဟာဗျူဟာကို ထိခိုက်စေနိုင်သော စက်မှုလုပ်ငန်းများ၊ ပုဂ္ဂလိကကဏ္ဍမှ နည်းပညာလက်လှမ်းမမီနိုင်သော စက်မှုလုပ်ငန်းများကို စနစ်တကျ ကိုင်တွယ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပြီး ကျန်စက်ရုံများအနက် မဖြစ်မနေသွင်းကုန်အစားထိုးထုတ်လုပ်ရမည့် စက်ရုံများကို ပြန်လည်လည်ပတ်စေပြီး နှစ်အလိုက်သတ်မှတ်၍ ပုဂ္ဂလိကအကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ စက်ရုံများငှားရမ်းဆောင်ရွက်ခြင်းတို့ဖြင့် လက်ဆင့်ကမ်းလွှဲပြောင်းခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

### ပြင်ဆင်ဆောင်ရွက်ရမည်

နိုင်ငံပိုင်အဖြစ် မဖြစ်မနေလည်ပတ်ဆောင်ရွက်ရမည့် စက်ရုံများအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေး အလေးထားရန် လိုအပ်သဖြင့် အဓိကကျသောသွင်းအားစုများဖြစ်သည့် စွမ်းအင်၊ ကုန်ကြမ်းနှင့် စက်အရန်ပစ္စည်းများကို ပြည်တွင်း၌ လုံလုံလောက်လောက်ရရှိရေး စနစ်တကျ စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် ငွေကြေးအရင်းအနှီး၊ စွမ်းအင်နှင့် နည်းပညာများကန့်သတ်ချက်ရှိခြင်း၊ အရည်အသွေးနှင့် တီထွင်ထုတ်လုပ်မှုနည်းပညာအားနည်းနေခြင်း၊ ကျွမ်းကျင်လုပ်သား မလုံလောက်ခြင်း၊ ပြည်ပဈေးကွက်မထိုးဖောက်နိုင်ခြင်း၊ ကုန်ကြမ်းနှင့် ထုတ်လုပ်မှုစရိတ်ကြီးမြင့်ခြင်း စသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပြီး ခေတ်နှင့်လျော်ညီမှုမရှိသည့် လုပ်ထုံး လုပ်နည်းများကိုလည်း ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အမျိုးသားစက်မှုဖွံ့ဖြိုးရေးအတွက် မရှိမဖြစ် လိုအပ်နေသောစက်ရုံများ၊ စက်လိုင်းများ၊ စက်ပစ္စည်းများကို ထုတ်လုပ်ပေးနိုင်သော စက်မှုလုပ်ငန်းနှင့် သက်ဆိုင်သည့်ရင်းမြစ်များ (သို့မဟုတ်) ပင်မစက်မှုလုပ်ငန်းများကို တည်ဆောက်လျက် အမျိုးသားစက်မှုလုပ်ငန်း စွမ်းအားစုတစ်ရပ်ပေါ်ထွန်းလာစေရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

### ရှင်းလင်းဆွေးနွေး

ယင်းနောက်ဒုတိယဝန်ကြီးက နိုင်ငံပိုင်စက်ရုံ/အလုပ်ရုံများအနေဖြင့် ပြည်ပသွင်းကုန် အစားထိုးနိုင်ရန်၊ ပြည်တွင်းသုံးစွဲမှုဖူလုံစေရန်တို့အတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ဈေးကွက်သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်မှု၊ လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရမှု၊ ဦးစီးဌာနနှင့် စက်မှုလုပ်ငန်းများက နိုင်ငံပိုင်စက်ရုံ/ အလုပ်ရုံများနှင့် ငှားရမ်းစက်ရုံများ၏ လူ့စွမ်းအားအရင်းအမြစ်၊ စီမံခန့်ခွဲမှု၊ နည်းပညာ၊ ကုန်ကြမ်းရရှိမှု၊ ငွေလုံးငွေရင်း၊ ဘဏ္ဍာရေး၊ ဈေးကွက်၊ ကုန်ချောထုတ်လုပ်နိုင်မှုနှင့် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းမှုတို့ကို ဆွေးနွေးတင်ပြသည်။

### ဝိုင်းဝန်းအကြံပြု

ထို့အပြင် အဖွဲ့များဖွဲ့စည်း၍ အဖွဲ့လိုက်ဆွေးနွေးခြင်း၊ အဖွဲ့အလိုက်ဆွေးနွေးရရှိသည့် အချက်များကို ဝိုင်းဝန်းအကြံပြု သုံးသပ်ဆွေးနွေးခြင်းများ ဆောင်ရွက်ပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံဘဏ္ဍာရေးနှင့် ကျန်းမာရေးဝန်ကြီးများ ပူးတွဲအစည်းအဝေးနှင့် အာဆီယံကျန်းမာရေးဝန်ကြီးများအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်




**နေပြည်တော် ဩဂုတ် ၂၄**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ Hotel Mulia Senayan ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည့် အာဆီယံဘဏ္ဍာရေးနှင့် ကျန်းမာရေးဝန်ကြီးများ ပူးတွဲအစည်းအဝေးသို့ တက်ရောက်သည်။

### ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

အစည်းအဝေးတွင် ပူးတွဲဥက္ကဋ္ဌများဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံဘဏ္ဍာရေးဝန်ကြီးနှင့် ကျန်းမာရေးဝန်ကြီးတို့က အမှာစကား ပြောကြားကြပြီး ကပ်ရောဂါ တုံ့ပြန်ရေးလုပ်ငန်းများ၏ ဘဏ္ဍာငွေ လိုအပ်ချက်များနှင့် ဖြေရှင်းနိုင်မည့် နည်းလမ်းများဆိုင်ရာ ဆန်းစစ်သုံးသပ်ချက်ကို အာရှဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူကလည်းကောင်း၊ အာဆီယံ ကိုဗစ်-၁၉ နှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်တုံ့ပြန်ရေး ဘဏ္ဍာငွေကိစ္စရပ်များကို အာဆီယံအတွင်းရေးမှူးအဖွဲ့ရုံးမှ တာဝန်ရှိသူကလည်းကောင်း တင်ပြ၍ တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများနှင့် ကျန်းမာရေးဝန်ကြီးများက ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ဆွေးနွေးရာတွင် အာရှဖွံ့ဖြိုးရေးဘဏ်မှ တင်ပြဆွေးနွေးခဲ့သည့် ပြည်သူ့ကျန်းမာရေး အရေးပေါ်ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှုတွင် ဘဏ္ဍာငွေလိုအပ်ချက်များ၊ ကွာဟချက်များနှင့် စပ်လျဉ်းသည့် လေ့လာဆန်းစစ်မှုသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ မူဝါဒများချမှတ်ရာတွင် အသုံးချနိုင်ရေး ကောင်းမွန်သော လေ့လာဆန်းစစ်မှုတစ်ခုဖြစ်ကြောင်း၊ ကပ်ရောဂါကာလအတွင်း ကမ္ဘာတစ်ဝန်းရှိ အခြားနိုင်ငံများကဲ့သို့ပင် မြန်မာနိုင်ငံ၏ ကျန်းမာရေးစနစ်သည် ကပ်ရောဂါ၏ ကြီးမားသောစိန်ခေါ်မှုများကို ရင်ဆိုင်ခဲ့ရကြောင်း၊ သို့ရာတွင် "လူ့အသက်ထက် အရေးကြီးတာမရှိ" ဟူသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ မူဝါဒနှင့်အညီ ကျန်းမာရေးဝန်ကြီးဌာန အပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ စေတနာရှင်များ၊ ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများနှင့် ပြည်သူလူထု၏ စည်းလုံးညီညွတ်စွာ ပူးပေါင်း ဆောင်ရွက်မှုဖြင့် ကပ်ရောဂါကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ကြောင်း။

### ပူးပေါင်းဆောင်ရွက်သွားမည်

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကပ်ရောဂါအတွက် လိုအပ်သော ဘဏ္ဍာငွေများ အချိန်နှင့်တစ်ပြေးညီ ရရှိနိုင်ရေး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင် ရွက်ရာ ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ အထူးရန်ပုံငွေတစ်ရပ်ကို တည်ထောင်နိုင်ခဲ့သကဲ့သို့ လိုအပ်သော ကာကွယ်ဆေးများ ဝယ်ယူရရှိနိုင်ရေး ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေကို ထူထောင်ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် နောင်ဖြစ်ပေါ်လာနိုင်မည့် ကပ်ရောဂါများအတွက် အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်း၍ ကျန်းမာရေးစနစ်ခိုင်မာစေရေး လုပ်ငန်းများကို စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အာဆီယံဘဏ္ဍာရေးနှင့် ကျန်းမာရေးဝန်ကြီးများ ပူးတွဲအစည်းအဝေး ကြေညာစာတမ်းကို အတည်ပြုထုတ်ပြန်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်၍ **(အပေါ်ဝဲပုံ)** နံနက်ပိုင်း အစည်းအဝေးကို ရုတ်သိမ်းခဲ့သည်။

### ဝိုင်းဝန်းဆွေးနွေး

မွန်းလွဲပိုင်းတွင် အာဆီယံ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး ပထမနေ့ကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ Hotel St. Regis ၌ ကျင်းပရာ အင်ဒိုနီးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးက အမှာစကား ပြောကြား၍ ASEAN Political Security Community ဆိုင်ရာ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် အဖွဲ့က အာဆီယံ ပြည်သူ့ကျန်းမာရေး အရေးပေါ်လုပ်ငန်းအဖွဲ့ ဖွဲ့စည်းနိုင်ရေး အာဆီယံလုပ်ငန်း ညှိနှိုင်းရေးကောင်စီ၏ ဆုံးဖြတ်ချက်များ၊ အာဆီယံ ကိုဗစ်-၁၉ တုံ့ပြန်ရေးရန်ပုံငွေ သက်တမ်းတိုးရေးကိစ္စရပ်များ၊ အာဆီယံဒေသတွင်း ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပူပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ အာဆီယံရန်ပုံငွေဆိုင်ရာ ကိစ္စရပ်များကို တင်ပြကြရာ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြပြီး ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ ကျန်းမာရေး ဝန်ကြီးဌာနက တည်ခင်းဧည့်ခံသည့် ညစာစားပွဲကို တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးများ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများ၊ အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ်နှင့် အဖွဲ့ဝင်များ၊ အာဆီယံဆိုင်ရာ အမြဲတမ်း ကိုယ်စားလှယ်ရုံးများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောက်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်းရေးဆွဲပြုစုရေးဦးစီးကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၂၄

**လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောက်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်း စံနှုန်း(Standard Operating Procedure–SOP) ရေးဆွဲပြုစုရေးဦးစီးကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးမင်းနောင်နှင့် ကော်မတီဝင်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။**





ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေးနှင့် လယ်ယာမြေများ မလျော့ပါးစေရေးအတွက် ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေအပါအဝင် ခေတ်အဆက်ဆက်အတည်ပြု ပြဋ္ဌာန်းခဲ့သည့် လယ်ယာမြေဥပဒေစည်းကမ်းချက်များတွင် **“လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်း မပြုရ” “ လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ”** ဆိုသည့် အချက်များကို အတိအလင်း ပြဋ္ဌာန်းထားရှိကြောင်း၊ ဥပဒေနှင့်အညီ ခွင့်ပြုချက်မရှိဘဲ လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်ရန် လိုအပ်လာမှုနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်း စံနှုန်းရေးဆွဲပြုစုရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ပြည်သူများ နစ်နာမှုမရှိစေရေး**

လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်း စံနှုန်း(Standard Operating Procedure –SOP) ရေးဆွဲပြုစုရာတွင် ပြီးပြည့်စုံမှုအနေအထားရရှိနိုင်စေရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့် ပြည်ထောင်စုအဆင့် လုပ်ငန်းကော်မတီနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ ဦးဆောင်သည့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်လုပ်ငန်းကော်မတီများအနေဖြင့် သတ်မှတ်ထားသော လုပ်ငန်းတာဝန်များနှင့်အညီ လက်ရှိမြေပြင်တွင် ဖြစ်ပေါ်နေသော ဥပဒေမဲ့ကျူးလွန်လုပ်ဆောင်မှုများကို စနစ်တကျ လေ့လာဆန်းစစ်ပြီး ပြည်သူများ နစ်နာမှုမရှိစေရေး ဖော်ထုတ်အကြံပြုရန်နှင့် ပြည်ထောင်စုအဆင့် လုပ်ငန်းကော်မတီအနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထိန်းကျောင်းပေါင်းစပ်ကာ ဦးစီးကော်မတီသို့ တင်ပြပေးရန်၊ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအချိန် လျာထားချက်ဘောင်အတွင်း ပြီးစီးအောင်လုပ်ဆောင်နိုင်ရေး ကြိုးပမ်းကြရန် ပြောကြားသည်။

ဆက်လက်၍ ဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေမတိုင်မီကာလက ကျူးလွန်မှုကိစ္စရပ်များ၊ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ ကျင့်သုံးသည့်နောက်ပိုင်းကာလ ကျူးလွန်မှုကိစ္စရပ်များ၊ နောက်နောင်မဖြစ်ပွားစေရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြပြီး တက်ရောက်လာသည့် ဦးစီးကော်မတီဝင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

**ကြိုးပမ်းဆောင်ရွက်သွားမည်**

တည်ဆဲလယ်ယာမြေဥပဒေနှင့် လယ်ယာမြေနည်းဥပဒေများကို မျက်ကွယ်ပြုပြီး လယ်မြေများကို ဥပဒေနှင့်အညီ ခွင့်ပြုချက်မရှိဘဲ မြို့မြေ၊ ရွာမြေကဲ့သို့ အခိုင်အမာ နေအိမ်ဆောက်လုပ်ခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ စက်ရုံအလုပ်ရုံများ ဆောက်လုပ်ခြင်း စသည့် ဥပဒေမဲ့လုပ်ဆောင်နေမှုများကို ဖြေရှင်းရန် နည်းလမ်းများနှင့် ထပ်မံမဖြစ်ပွားစေရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၃ ခုနှစ် ဩဂုတ်လ (၁၀)ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၁၄၇/၂၀၂၃ ထုတ်ပြန်၍ “လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေး ဆောင်ရွက်မည့် နည်းလမ်းများ လုပ်ထုံးလုပ်နည်း စံနှုန်း (Standard Operating Procedure –SOP) ရေးဆွဲပြုစုရေး ဦးစီးကော်မတီ” ကို လည်းကောင်း၊ အဖွဲ့ဝင် ၁၇ ဦးပါရှိသည့် ပြည်ထောင်စုအဆင့် လုပ်ငန်းကော်မတီနှင့် အဖွဲ့ဝင် ၁၈ ဦးပါ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် လုပ်ငန်းကော်မတီကိုလည်းကောင်း ဖွဲ့စည်းထားကြောင်း၊ ဦးစီးကော်မတီအနေဖြင့် စိုက်ပျိုးမြေများ မလျော့ပါးစေရေးနှင့် တိုးပွားလာသောပြည်သူလူထုအတွက် နေထိုင်နိုင်ရန် မြေနေရာလုံလောက်ရေး၊ တိုးတက်ဖွံ့ဖြိုးလာသော စက်ရုံအလုပ်ရုံများအတွက် မြေနေရာအသုံးပြုနိုင်ရေးတို့ကို အခြေခံ၍ အဆိုပါ လိုအပ်ချက်များကို အကောင်းဆုံး ဖြည့်ဆည်းပေးနိုင်မည့် (Standard Operating Procedure – SOP) ပေါ်ထွက်လာစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ဆိုင်ကလုန်းမုန်တိုင်းမိုခါနှင့်ပတ်သက်၍ မှတ်တမ်းပြုစုရေး (၁ / ၂၀၂၃) ညှိနှိုင်းအစည်းအဝေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**စစ်တွေ ဩဂုတ် ၂၄**



ဆိုင်ကလုန်းမုန်တိုင်း မိုခါနှင့်ပတ်သက်၍ မှတ်တမ်းပြုစုရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ (၁/၂၀၂၃) လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်း အစည်းအဝေးတွင် ဆိုင်ကလုန်းမုန်တိုင်း မိုခါနှင့်ပတ်သက်၍ မှတ်တမ်းပြုစုရေး ဦးစီးကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ရခိုင်ပြည်နယ်အတွင်းသို့ ဝင်ရောက်ခဲ့သည့် မိုခါမုန်တိုင်းနှင့်စပ်လျဉ်း၍ ပြန်လည် ထူထောင်ရေးလုပ်ငန်းများအား စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ မုန်တိုင်းနှင့် ပတ်သက်သည့် ကိစ္စရပ်များအား မှတ်တမ်း၊ မှတ်ရာများ စနစ်တကျရှိစေရေး၊ မှတ်တမ်းပြုစုရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ(၄)ခုကို ဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ကြောင်း၊ မှတ်တမ်းပြုစုရေး ကော်မတီဝင်များအနေဖြင့် မုန်တိုင်းဝင်ရောက်ရန် သတင်းရရှိသည်မှစ၍ ပြည်နယ်အစိုးရအဖွဲ့အပါအဝင်၊ ခရိုင်၊ မြို့နယ်များတွင် အစည်းအဝေးခေါ်ယူကျင်းပခဲ့မှုများ၊ မုန်တိုင်းအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုအခြေအနေများ၊ ဒေသခံပြည်သူများကို ရွှေ့ပြောင်းခဲ့မှုအခြေအနေများ၊ ရိက္ခာများနှင့်ကူညီကယ်ဆယ်ရေး ပစ္စည်းများကို ကြိုတင်စုဆောင်းထားရှိမှု အခြေအနေများနှင့် မုန်တိုင်းကျရောက်နေစဉ်ဆောင်ရွက်ခဲ့မှုအခြေအနေများကို မှတ်တမ်းဓာတ်ပုံများနှင့်တကွ ပြုစုပေးရန်လိုအပ်မည်ဖြစ်ကြောင်း၊ မုန်တိုင်းဝင်ရောက်တိုက်ခတ်ပြီးနောက် နိုင်ငံတော်အကြီးအကဲများ ရခိုင်ပြည်နယ်သို့ ရောက်ရှိလာမှုများ၊ လမ်းညွှန်မှာကြားခဲ့မှုများကိုလည်း ထည့်သွင်း ဖော်ပြရမည်ဖြစ်ကြောင်း၊ မုန်တိုင်းတိုက်ခတ်မှုကြောင့် ကဏ္ဍအလိုက်ပျက်စီးဆုံးရှုံးမှုအခြေအနေများကို စာရင်းကောက်ယူပြုစုပြီး ဆုံးရှုံးမှုပမာဏ တန်ဖိုးများကိုလည်း ဖော်ပြပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ မုန်တိုင်းအလွန်ကာလ ဆောင်ရွက်မှုအခြေအနေများကို မှတ်တမ်းဓာတ်ပုံများနှင့်အတူ ပြုစုကြရမည် ဖြစ်ကြောင်း၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီက ထောက်ပံ့ရေးပစ္စည်းများ၊ ကူညီကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်ပေးမှု အခြေအနေများနှင့် ပြည်နယ်မှကော်မတီ(၆)ခု ဖွဲ့စည်းပြီး ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများကို လက်ခံထိန်းသိမ်းဖြန့်ဖြူးမှု အခြေအနေများကိုပါ ထည့်သွင်းဖော်ပြပေးရမည်ဖြစ်ကြောင်း၊ ဘေးသင့်ပြည်သူများသို့ နိုင်ငံတော်မှ ထောက်ပံ့လှူဒါန်းမှုများ နိုင်ငံတစ်ဝန်းရှိ အလှူရှင်များက လှူဒါန်းထားရှိမှု အခြေအနေများကိုလည်း မှတ်တမ်းတင် ဖော်ပြပေးရမည်ဖြစ်ကြောင်း၊ မုန်တိုင်းသင့် ပြည်သူများအား ပြန်လည် နေရာချထားမှုများ၊ ထောက်ပံ့မှုများ၊ ပြည်သူ့အကျိုးဆောင်ရွက်ပေးမှုများကို အစိုးရ၊ တပ်မတော်၊ ဌာနဆိုင်ရာအသီးသီးနှင့် လူပုဂ္ဂိုလ်အဖွဲ့အစည်း အသီးသီးတို့၏ သဘာဝဘေးအန္တရာယ်ရင်ဆိုင်ကြုံတွေ့ခဲ့မှု မှတ်တမ်းများကို နောင်လာနောက်သားများ ကိုးကားနိုင်အောင် ပြည့်စုံမှန်ကန်သည့် မှတ်တမ်းတစ်ရပ်အဖြစ်ပြုစုနိုင်ရေး ကော်မတီဝင်အားလုံးက အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဆိုင်ကလုန်းမုန်တိုင်းမိုခါနှင့် ပတ်သက်၍ မှတ်တမ်းပြုစုရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရက မှတ်တမ်းပြုစုရေး ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးတင်ပြပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက မိမိတို့ကော်မတီအလိုက် မှတ်တမ်းများ ပြုစုဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တက်ရောက်လာကြသူများက ဆိုင်ကလုန်းမုန်တိုင်းမိုခါနှင့်ပတ်သက်၍ မှတ်တမ်းပြုစုရာတွင် ကဏ္ဍအလိုက် ဆောင်ရွက်ချက်များ ပြည့်ပြည့်စုံစုံ ပါဝင်နိုင်ရေး အကြံပြုဆွေးနွေးတင်ပြကြသည်။ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးကာ လိုအပ်သည်များကို မှာကြားသည်။

ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ သဘာဝဘေး ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။ အစည်းအဝေးတွင် လုပ်ငန်းကော်မတီများအလိုက် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ လုပ်ငန်းတိုးတက်မှု အခြေအနေများနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **တင်ထွန်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃) တွင် ချမှတ်ခဲ့သည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၄**

အခြေခံပညာကဏ္ဍအတွက် ဆရာ၊ ဆရာမ အင်အားပြည့်မီရေး Human Resource Plan ရေးဆွဲဆောင်ရွက်ရန်၊ တစ်ကျောင်းချင်း၊ တစ်တန်းချင်း၏ တန်းခွဲအရေအတွက်၊ ကျောင်းသားဦးရေနှင့် ဆရာအချိုး၊ Module အရေအတွက်နှင့် ဆရာအချိုးကြည့်၍ ကျောင်းများတွင် ပိုနေသောဆရာများကို လိုနေသောနေရာသို့ Transfer ရွှေ့ပြောင်းနိုင်ရေးအတွက် စိစစ်တင်ပြကြရမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ ၂၀၂၃ တွင် ချမှတ်ခဲ့သည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အနာဂတ်ပညာရေးကောင်းမွန်စေရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၃) ကို မေ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များကို အခြေခံပညာကဏ္ဍ၊ သက်မွေးပညာကဏ္ဍ၊ ဆရာအတတ်ပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍဟူ၍ ကဏ္ဍ ၅ ခုခွဲကာ ရေတိုနှင့် ရေရှည် လုပ်ငန်းစဉ်ပေါင်း ၁၄၃ ခု ချမှတ်ဆောင်ရွက်ခဲ့ကြောင်း။

ပညာရေးစီမံအုပ်ချုပ်မှုသင်တန်းကျောင်းများ ဖွင့်လှစ်ရန်နှင့် နီးစပ်ရာ တိုင်းဒေသကြီး/ ပြည်နယ်ဇုန်အလိုက် တိုးချဲ့ဖွင့်လှစ်ရေးစီမံချက်များ ရေးဆွဲတင်ပြရမည်ဖြစ်ကြောင်း၊ BEd (စာပေးစာယူ) ဘွဲ့ရပြီးပါက အထက်တန်းပြဆရာ၊ ဆရာမများအဖြစ် တာဝန်ချထားရာနေရာ၌ သတ်မှတ်ကာလအတိုင်း မဖြစ်မနေ တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ သက်မွေးပညာကဏ္ဍအတွက် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တွဲဖက်အထက်တန်းကျောင်းများကို ၁၂၆ ခရိုင်တွင် ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းသားအင်အားများသော မြို့နယ်များပါဝင်သည့် ခရိုင်များတွင် တိုးချဲ့ဖွင့်လှစ်နိုင်ရေး စီမံချက်ရေးဆွဲထားကြရမည် ဖြစ်ပါကြောင်း၊ KG+12 စနစ်နှင့် ချိတ်ဆက်ရန်အတွက် ဘွဲ့ကြိုတန်း Curriculum နှင့် Syllabus များကို ဆန်းစစ်မွမ်းမံကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃)၏ ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့်က မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃) တွင် ချမှတ်ခဲ့သော အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက အခြေခံပညာကျောင်းများအတွက် Master Plan ရေးဆွဲရေး၊ ကိုယ်ပိုင်ကျောင်းများ ဖွင့်လှစ်ရေးနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ သေချာကြပ်မတ်စိစစ်ပြီး တင်ပြကြရန်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။

အစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။ **သတင်းစဉ်**

---

❖ ***ရှေ့ဖုံးမှ***

အခြား ဘာသာရေးဆိုင်ရာ အဆောက်အဦများကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်း၊ အသင်းအဖွဲ့အလိုက် ဝတ်ရွတ်ပူဇော်ခြင်းများ ဆောင်ရွက်၍ ကြည်ညိုသဒ္ဓါပွားများလျက် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။



အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ဘိုးဘွားများအား ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များကလည်း လမ်းလျှောက်ရန် အခက်အခဲဖြစ်သည့် ဘိုးဘွားများအား အဆင်ပြေစွာဖြင့် ဘုရားဖူးမြော်ကြည်ညိုနိုင်ရန် Wheel Chair များဖြင့် လိုက်လံပို့ဆောင်ပေးကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်းရှင်လူအများပြည်သူများ အခမဲ့လာရောက် ဖူးမြော်ကြည်ညိုနိုင်ရန် စက်တင်ဘာ ၃ ရက်အထိ နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း ဖွင့်လှစ်ထားရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



---

# မြစ်ကြီးနားမြို့နှင့် လားရှိုးမြို့တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံ နယ်လှည့်ဆေးကုသရေးအဖွဲ့က ယနေ့ နံနက်ပိုင်းတွင် အဆိုပါမြို့ရှိ သာသနာ့ဝန်ဆောင် မြို့ဦးကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

**စီစဉ်ဆောင်ရွက်ပေး**

ထိုသို့ ဆောင်ရွက်ပေးရာတွင် သံဃာတော် ၁၀၁ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

**ရောဂါရှာဖွေ စမ်းသပ်စစ်ဆေးပေး**

အလားတူ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ သာသနာဟိတကာရီ သီလရှင်စာသင်တိုက်မှ သာသနာ့နွယ်ဝင် သီလရှင် ၉၁ ပါး နှင့် အနီးပတ်ဝန်းကျင်မှ ဒေသခံပြည်သူ ၂၁ ဦးတို့ကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက် ၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ECG စက်၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေ စမ်းသပ်စစ်ဆေးပေးခြင်းများကို ဆောင်ရွက်ပေးသည်။

**သွားရောက်ကြည့်ရှုအားပေး**

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

✳ ***ကျောဖုံးမှ***

ရှမ်းယူနိုက်တက်အသင်းသာ အုပ်စုအဆင့်မှ တိုက်ရိုက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ပြိုင်ပွဲကို ဇုန်အလိုက်ခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် အာဆီယံဇုန်တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အုပ်စုခွဲဝေမှုအရ အာဆီယံဇုန် အုပ်စု (F) တွင် ဆီဘူး (ဖိလစ်ပိုင်)၊ မတ်အာသာ (ဩစတြေးလျ)၊ ရှမ်းယူနိုက်တက် (မြန်မာ)၊ ဖနွမ်းပင်ခရောင်း (ကမ္ဘောဒီးယား)၊ အုပ်စု (G) တွင် တီရန်ဂါနူး (မလေးရှား)၊ ဘာလီယူနိုက်တက် (အင်ဒိုနီးရှား)၊ လာဂူနာ (ဖိလစ်ပိုင်)၊ စင်ထရယ်ကော့မာရီနာ (ဩစတြေးလျ)၊ အုပ်စု (H) တွင် ဟိုင်ဖုန်း (ဗီယက်နမ်)၊ ဟောင်အန်ယူနိုက်တက် (စင်ကာပူ)၊ ဆာဘား (မလေးရှား)နှင့် မာကာဆာ (အင်ဒိုနီးရှား) တို့ ပါဝင်နေသည်။ အုပ်စုပွဲစဉ်များကို စက်တင်ဘာမှ ဒီဇင်ဘာအထိ အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် ကျင်းပမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီ ပြည်တွင်းလိဂ်ပြိုင်ပွဲတွင် ရလဒ်ကောင်းများရယူကာ ရှုံးပွဲမရှိစံချိန်ဖြင့် အမှတ်ပေးဇယား ဦးဆောင်လျက်ရှိသည်။

အာရှဘောလုံးအဖွဲ့ချုပ်၏ သတ်မှတ်ချက်အရ အနောက်အာရှဇုန်တွင် အုပ်စုသုံးခု၊ အာဆီယံဇုန်တွင် အုပ်စုသုံးခု၊ တောင်အာရှဇုန်၊ အရှေ့အာရှဇုန်နှင့် အလယ်ပိုင်းဇုန်တို့တွင် အုပ်စုတစ်ခုစီ ပါဝင်မည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပမည့်ပုံစံအရ အာဆီယံဇုန်အုပ်စုသုံးခုမှ ထိပ်ဆုံးသုံးသင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးတစ်သင်း စုစုပေါင်း လေးသင်းမှာ အာဆီယံဇုန် ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ အာဆီယံဇုန်တွင် ဗိုလ်စွဲသည့်အသင်းမှာ နောက်ဆုံးအဆင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

**ရဲရင့်လွင်**

# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း CGTN ရုပ်သံဌာနမှ တွေ့ဆုံမေးမြန်းမှုများကို ဖြေကြား

၁၅-၈-၂၀၂၃ ရက်နေ့မှ ၁၈-၈-၂၀၂၃ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပသည့် (၇) ကြိမ်မြောက် တရုတ် - တောင်အာရှပြပွဲ၊ (၂၇) ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်၊ သွင်းကုန် ကုန်စည်ပြပွဲဖွင့်ပွဲ ၊ ၂၀၂၃ ခုနှစ် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံ အုပ်ချုပ်သူများဖိုရမ်နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ကူမင်းမြို့၌ရောက်ရှိနေသည့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ခရီးစဉ်အတွင်း ၁၈-၈-၂၀၂၃ ရက်နေ့ ညနေပိုင်းက China Global Television Net (CGTN) နှင့် တွေ့ဆုံ၍ မေးမြန်းမှုများကို ဖြေကြားခဲ့ပါသည်။ အဆိုပါ တွေ့ဆုံမေးမြန်းမှုများကို CGTN တွင်လည်းကောင်း၊ ၂၄-၈-၂၀၂၃ ရက်နေ့တွင် မြန်မာ့ရုပ်မြင်သံကြားကလည်းကောင်း ထုတ်လွှင့်ခဲ့ပါသည်။ အဆိုပါ တွေ့ဆုံမေးမြန်းမှု အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။



မေး ။ ။ Belt and Road အဆိုပြုချက်ကို အများသိရှိအောင် ဆောင်ရွက်ရာမှာ မီဒီယာပူးပေါင်းဆောင်ရွက်မှုက အရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်နေပါတယ်။ တချို့ အနောက်တိုင်းနိုင်ငံက Belt and Road ကို နာမည်ဖျက်ခြင်းနဲ့ တရုတ်နိုင်ငံပုံရိပ်ကို နာမည်ပျက်အောင် လုပ်တာကြောင့် တရုတ်-မြန်မာနှစ်နိုင်ငံ ပြည်သူတွေကြား အထင်လွဲမှု အများအပြား ဖြစ်စေခဲ့ပါတယ်။ တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုကို အတူတကွမြှင့်တင်ဖို့ မြန်မာပြည်သူတွေက Belt and Road အဆိုပြုချက်အပေါ် နားလည်သိရှိမှုကို ဘယ်လိုတိုးမြှင့်နိုင်မယ်လို့ ထင်ပါသလဲ။ မီဒီယာက ဒေသတွင်း တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ စည်ပင်ဝပြောမှု ထိန်းသိမ်းရေးအတွက် ပိုအကျိုးရှိတဲ့ လူထုသဘောထား ပတ်ဝန်းကျင်ဖန်တီးရာမှာ ဘယ်လိုအခန်းကဏ္ဍကနေ ပါဝင်နိုင်မယ်လို့ ယူဆပါသလဲ။

ဖြေ ။ ။ Belt and Road ဆိုတာကတော့ အဓိကကတော့ ယဉ်ကျေးမှုနဲ့ ပြည်သူတွေရဲ့ အပြန်အလှန်ဆက်ဆံမှု၊ ယဉ်ကျေးမှုတွေနဲ့ နက်ရှိုင်းကျယ်ဝန်းတဲ့ ကဏ္ဍကြီးပါပဲ။ အဲဒီတော့ ဒါကိုအကျိုးရှိအောင် အသုံးချမယ်ဆိုရင် အားလုံးအတွက် ကောင်းမွန်တဲ့ လုပ်ငန်းစဉ်ကြီးတစ်ခုပါ။ ကျွန်တော့်အနေနဲ့ ကမ္ဘာ့ကုလသမဂ္ဂကို ရောက်သွားတဲ့အခါမှာ အသားရောင်မခွဲခြားဘဲနဲ့ ကမ္ဘာကြီးဟာ ရွာကြီးလိုပဲ တကယ့်လူသားတွေအားလုံးဟာ ကမ္ဘာကြီးပေါ်မှာ ရပ်တည်တယ်ဆိုတဲ့ အနေအထားကိုတွေ့ခဲ့ရပါတယ်။ တစ်နိုင်ငံချင်း တစ်နိုင်ငံချင်း၊ နိုင်ငံတိုင်း နိုင်ငံတိုင်းဟာ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ကမ္ဘာကြီးဟာ၊ လူသားတွေနေထိုင်တဲ့ ကမ္ဘာကြီးဟာ ပိုမိုပြီးတော့မှ တည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်တဲ့ အခန်းကဏ္ဍတစ်ခု ဖြစ်မယ်လို့ ယုံကြည်ပါတယ်။

အဲဒီတော့ Belt and Road နဲ့ပတ်သက်လို့ ကျွန်တော်တို့နိုင်ငံအနေနဲ့ စိတ်ဝင်စားပါတယ်၊ ပူပေါင်းပါဝင်ဖို့လည်း ဆန္ဒရှိပါတယ်။ နေ့ခင်းက ကူမင်းမြို့ထဲမှာ လေ့လာရေးခရီးစဉ် ထွက်တဲ့အခါမှာ ကမ္ဘာပေါ်မှာ တတိယအကြီးဆုံးလို့ပြောတဲ့ ဈေးကြီး၊ အဲဒီဈေးကြီးကို ရောက်ခဲ့သလို ပန်းတွေကို ဖြန့်ချိတဲ့နေရာကိုလည်း ရောက်ခဲ့ပါတယ်။ ဒါတွေဟာ အိမ်နီးနားချင်းနိုင်ငံတွေ၊ နောက် ကမ္ဘာကြီးကိုပါ ပြန့်သွားမယ်ဆိုတော့ ဒါတကယ် ကောင်းမွန်တဲ့ စီးပွားရေးလုပ်ငန်းတစ်ခုပါ။ ဒီလိုပါပဲ မြန်မာနိုင်ငံရဲ့ ထုတ်ကုန်ပစ္စည်းတွေကို ပြည်ပနိုင်ငံတွေထံ ပို့ဆောင်ခြင်းအားဖြင့်၊ ဒီကပစ္စည်းတွေကိုလည်း ကျွန်တော်တို့နိုင်ငံကို ပို့ဆောင်ခြင်းအားဖြင့် နှစ်နိုင်ငံပြည်သူတွေဟာ စားဝတ်နေရေးတွေ ပြေလည်လာမယ်၊ အဆင့်အတန်းတွေ မြင့်လာမယ်လို့ ယုံကြည်ပါတယ်။

ယနေ့နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနေနဲ့လည်း အသေးစား၊ အငယ်စား၊ အလတ်စား စက်မှုလုပ်ငန်းတွေကို အထူးအလေးထား ဆောင်ရွက်နေပါတယ်။ ပြည်တွင်းမှာတင် ဖူလုံဖို့နဲ့ ပိုလျှံရင် ပြည်ပကို ပို့မှာပါ။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ ဗိုလ်ချုပ်မှူးကြီးအနေနဲ့ အမျိုးသားရေး ရည်မှန်းချက်နှစ်ခု ထားပါတယ်။ အဲဒါက တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာဖူလုံရေးဆိုတာကို အဓိကထားပါတယ်။ တိုင်းပြည် သာယာဝပြောရေးဆိုတဲ့ အခန်းကဏ္ဍက အများကြီး ကျယ်ပြန့်ပါတယ်။ နှစ်နိုင်ငံမှာရှိတဲ့ ပြည်သူပြည်သားတွေ အားလုံးဟာ စားဝတ်နေရေးမှာ အစားအသောက်ရော၊ အဝတ်အစားရော၊ အနေအထိုင်ရော၊ သွားရေးလာရေးရော တိုင်းပြည်သာယာဝပြောတယ်ဆိုတာတော့ ကဏ္ဍက ကြီးကျယ်ပါတယ်။ ဒါတွေက ဗိုလ်ချုပ်မှူးကြီးရဲ့ အမျိုးသားရေး ရည်မှန်းချက်၊ ပထမရည်မှန်းချက်တစ်ခုပေါ့။ ဒီရည်မှန်းချက်ကို ဆောင်ရွက်တဲ့အခါ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် စီးပွားရေးကောင်းမွန်ဖို့လိုတယ်။ ပြီးရင် တည်ငြိမ်ဖို့လိုတယ်။ ဒီ Belt and Road အစီအစဉ်ကြီးက မှန်မှန်ကန်ကန် သုံးသပ်မယ်ဆိုရင် နှစ်နိုင်ငံချစ်ကြည်ရေးရော၊ နောက်တစ်ခါ ကမ္ဘာကြီးအတွက်ရော ထိရောက်မှုရှိတဲ့ အခန်းကဏ္ဍကြီးတစ်ခုပါ။ ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း အကျိုးရှိမယ်။ နောက် တရုတ်နိုင်ငံအနေနဲ့လည်း အကျိုးရှိမယ်။ နှစ်နိုင်ငံအစိုးရချင်းလည်း အကျိုးရှိမယ်။ နှစ်နိုင်ငံပြည်သူတွေလည်း အကျိုးရှိမယ်ဆိုတော့ Belt and Road အစီအစဉ်က ကောင်းမွန်တဲ့အစီအစဉ် များပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့တော့ ဒီကဏ္ဍမှာလည်း ပါဝင်ပူးပေါင်းဖို့ ဆန္ဒရှိပါတယ်၊ ဒါကိုလည်း အထူးပဲ စိတ်ဝင်စားတယ်လို့ ပြောပါရစေ။

မေး ။ ။ အခုနှစ်မှာ သမ္မတရှီကျင့်ဖျင်က ကမ္ဘာလုံးဆိုင်ရာ လူမှုယဉ်ကျေးမှု အစီအမံ အဆိုပြုခဲ့ပြီးတော့၊ မတူညီတဲ့ လူမှုယဉ်ကျေးမှုတွေ အပြန်အလှန်လက်ခံပြီးတော့ အတူယှဉ်တွဲ တည်ရှိခြင်းနဲ့ ကူးလူးဖလှယ်အပြန်အလှန် အတုယူခြင်းက လူနေမှုအဖွဲ့အစည်း ခေတ်မီမှုဖြစ်စဉ် စည်ပင်ဝပြောတဲ့ ကမ္ဘာ့လူမှုယဉ်ကျေးမှု ဥယျာဉ်ကြီး ဖော်ဆောင်ရာမှာ အစားထိုးမရတဲ့ အခန်းကဏ္ဍကနေ ပါဝင်နေတဲ့အကြောင်း အလေးထားပြောကြားခဲ့ပါတယ်။ ဒီအစီအမံကိုရော ဝန်ကြီးအနေနဲ့ ဘယ်လိုနားလည်ပါသလဲရှင့်။ မီဒီယာက နှစ်နိုင်ငံအကြား ယဉ်ကျေးမှုဆိုင်ရာ ကူးလူးဖလှယ်မှု မြှင့်တင်ရေးမှာလည်း ဘယ်လို အခန်းကဏ္ဍကနေ ပါဝင်နိုင်ပါမလဲ၊ မီဒီယာကို နှစ်နိုင်ငံပြည်သူတွေ အပြန်အလှန် နားလည်သိရှိ ရင်းနှီးစေတဲ့ ပေါင်းကူးတံတားဖြစ်လာအောင် ဘယ်လိုဆောင်ရွက်နိုင်မယ်လို့ ယူဆပါသလဲ။

ဖြေ ။ ။ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံက နှစ်ပေါင်းများစွာ ချစ်ကြည်ရင်းနှီးစွာ နေထိုင်လာခဲ့တဲ့ အိမ်နီးချင်းနိုင်ငံတွေဖြစ်ပါတယ်။ အခုဆိုရင် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးအဆင့်ကို ရောက်ပြီးတော့မှ ထဲထဲဝင်ဝင် နှစ်နိုင်ငံချစ်ကြည်ရေးကိုလည်း တိုးမြှင့်လျက်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ “အမျိုးသားကဇာတ်ရုံ” ဆိုရင်လည်း တရုတ်နိုင်ငံက ဆောင်ရွက်ပေးထားတာ ဖြစ်ပါတယ်။ နောက်တစ်ခါ “သုဝဏ္ဏ အားကစားကွင်း”ကိုလည်း တရုတ်နိုင်ငံကပဲ စီမံဆောင်ရွက်ပေးထားတာ ဖြစ်ပါတယ်။ အခုဆိုရင် ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ တချို့စီမံကိန်း တော်တော်များများကိုလည်း တရုတ်နိုင်ငံရဲ့ အကူအညီနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ညှိနှိုင်းလျက်ရှိပါတယ်။

Art Center (အနုပညာ ဗဟိုဌာန)၊ နောက်ပြီးတော့ “ဝဇီရာရုပ်ရှင်ရုံ” ပေါ့။ ဒါကို နိုင်ငံတော်အနေနဲ့ “National Red Carpet Theatre” အဖြစ်သတ်မှတ်ပြီး တရုတ်နိုင်ငံရဲ့ အထောက်အပံ့နဲ့ ပြုပြင်ဖို့ စီမံလျက်ရှိပါတယ်။ “ဖလင်ပိဋကတ်တိုက်” လည်း ပါဝင်ပါတယ်။ ယဉ်ကျေးမှုနဲ့ နှစ်နိုင်ငံ အပြန်အလှန် ချစ်ကြည်ရေးအတွက် ဒါတွေကို ကမ်းလှမ်းထားတာရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ နှစ်နိုင်ငံပြည်သူတွေဟာ အိမ်နီးနားချင်းလည်းဖြစ်တဲ့အတွက် ... ဘာပဲပြောပြော နှစ်နိုင်ငံပြည်သူတွေ အမြင်တွေရှင်းကြမယ်ဆိုရင် အစိုးရချင်းလည်း အမြင်ရှင်းမယ်၊ ပြီးရင် အိမ်နီးနားချင်းဖြစ်တဲ့အတွက် “အိမ်သာမှ ဧည့်လာမှာပေ့ါ”။ ကိုယ့်ဘေးနားက အိမ်နီးနားချင်းက အားနည်းမှုရှိတယ်ဆိုရင် အားသာတဲ့ အိမ်နီးနားချင်းနိုင်ငံကြီးက ကူညီရမှာပေ့ါ။ ဒီလိုပါပဲ တစ်ဖက်ကနိုင်ငံကြီးမှာ ပြဿနာဖြစ်တယ်ဆိုရင်လည်း ကျွန်တော်တို့နိုင်ငံက အိမ်နီးနားချင်းတွေလို ကူညီရမှာပေ့ါ။

သမ္မတကြီး ရှီကျင့်ဖျင်ရဲ့ ပေါင်းစည်းရေးလုပ်ငန်းတွေကိုလည်း ကျွန်တော်တို့အနေနဲ့ အထူးပဲ အလေးအနက်ထားပါတယ်။ ကျွန်တော်တို့နိုင်ငံကို အတတ်နိုင်ဆုံး တည်ငြိမ်မှုရှိအောင်လည်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေနဲ့ အထူးပဲ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ နေ့မအား၊ ညမနား ဆောင်ရွက်လျက်ရှိပါတယ်။ လာမယ့်ကာလတွေမှာတော့ သမ္မတကြီးရှီကျင့်ဖျင် မျှော်မှန်းတဲ့ နှစ်နိုင်ငံချစ်ကြည်ရေးတွေ၊ အပြန်အလှန် ယဉ်ကျေးမှုဖလှယ်တာတွေ အဲဒါအပြင် အခုဆိုရင် ကျွန်တော်တို့ ကူမင်းမှာ ကျင်းပတဲ့ ကုန်စည်ပြပွဲကြီးကို ပြည်ထောင်စုဝန်ကြီး သုံးဦးကို စေလွှတ်ပြီးတော့မှ တက်ရောက်စေတာဟာ ဒါက ဘာကိုဖော်ပြသလဲဆိုရင် တရုတ်နိုင်ငံအပေါ်မှာ မြန်မာနိုင်ငံရဲ့ အလေးထားမှုကို ဖော်ပြတဲ့သဘောပါပဲ။

စာမျက်နှာ ၁၁ သို့



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း Yunan TV သို့ သွားရောက်လေ့လာစဉ်။

# မာရ်စိတ်ကို တွန်းဖြိုဖျက်၍ မာရ်ငါးပါးလည်း အောင်နိုင်စေ

ဒေါက်တာ မြတ်မိုး

ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်လျက် တန်ခိုးကြီးမား ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ရသည့် အခါတိုင်း ဗုဒ္ဓဘာသာဝင်အားလုံး ကိုယ်စား ဝမ်းသာကြည်နူး အထူးဖြစ်ရသည်။ ရင်ထဲ၊ နှလုံးသားထဲတွင် ကြည်လင်အေးမြ ချမ်းသာသွားရသည်။ ကမ္ဘာ့အထင်ကရ ဉာဏ်တော်အမြင့်ဆုံး၊ ခမ်းနားကြီးကျယ်ဆုံးသော အသစ်စက်စက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ရသည်မှာလည်း ထို့အတူပင်။ ဖူးချင်စိတ်ပြင်းပြစွာဖြင့် လာရောက်ဖူးမြော်ကြသည့် ရပ်နီးရပ်ဝေး ရဟန်းရှင်လူ၊ ကျောင်းသား ကျောင်းသူ၊ ပြည်သူအပေါင်းကို နေ့စဉ်မြင်ရတွေ့ရသည်မှာလည်း လက်ရှိနှင့် အနာဂတ် သာသနာတော်ကြီးအတွက် ဝမ်းမြောက်ကြည်နူးစရာ...။ သာသနာ၏ သမိုင်းမှတ်တိုင်တစ်ခု၊ ဗုဒ္ဓဘာသာဝင်တို့အတွက် အထွတ်အမြတ်တစ်ခု၊ ဘဝမှတ်တိုင်တစ်ခု၊ ငြိမ်းချမ်းရေးအတွက် ပြယုဂ်တစ်ခုအဖြစ် မြင်ရဖူးရသည်ကပင် ကြည်ညိုစရာ၊ လေးစားစရာ၊ ဂုဏ်ယူစရာဖြစ်ရသည်။

### ထည်ဝါခံ့ညား ဓမ္မတရားများ လွှမ်းခြုံရာ

တိမ်စိုင်တိမ်လိပ်၊ တိမ်ရိပ်များကြားမှ ထိုင်တော်မူရုပ်ပွားတော်ကြီး၏ သပ္ပာယ်မှုတ တန်ခိုးအာနုဘော်တို့ကား ဘုရားဖူးအပေါင်းနှင့် ဗုဒ္ဓဘာသာဝင်အားလုံး၏ နှလုံးသားကို ငြိမ်းချမ်းသွားစေသည်။ မြန်မာနိုင်ငံ၏ ကျက်သရေဆောင် ကျောက်ဆစ်ရုပ်ပွားဗုဒ္ဓမျက်နှာတော်၏ ဖြူစင်ကြည်လင်မှုက ဘုရားဖူးအပေါင်း၏ ရင်ကို အေးမြလန်းဆန်းသွားစေသည်မှာ ပြုံးတော်မူဘုရားရှင်၏ မေတ္တာရင်ခွင်ကို ခိုလှုံလိုက်ရသကဲ့သို့ပင်။

ရတနာတန်းဝင် အဖိုးတန် စကျင်ကျောက်ရင်ပြင်တော်နှင့် ဗိသုကာမြောက် ကြီးကျယ်ခမ်းနား သာသနိကအဆောက်အဦများကား ဗုဒ္ဓဘာသာ၏ ဂုဏ်ကျက်သရေကို ထွန်းလင်းတောက်ပစေသည်။ လေ့လာကျက်စား အားထုတ်နိုင်ရာ ဘုရားပရိဝုဏ်အနှံ့ ဂုဏ်ယူဖွယ်ရာ အနုသုခုမလက်ရာများကား ဗုဒ္ဓဘာသာဝင်တို့၏ ကြည်ညိုသဒ္ဓါကို ပို၍တိုးပွားစေသည်။ ခမ်းနားထည်ဝါလှသည်ဖြစ်၍ တန်ဖိုးထားကြသည်မှာ မဆန်းလှ၊ မုဒိတာပွား ဝမ်းမြောက်ဝမ်းသာဖြစ်ကြရသည်။ ရပ်ဝေးဘုရားဖူးပြည်သူများ အနေဖြင့်လည်း မာရဝိဇယဘုရားကြီး ဖူးမြော်ရင်း ကောင်စီနယ်မြေအတွင်း အခြားတန်ခိုးကြီး ဘုရားများသို့လည်း ဖူးမြော်ခွင့် ရသွားသည့်အတွက် နေပြည်တော်တစ်ခွင် ရပ်နီးရပ်ဝေး ဘုရားဖူးများဖြင့် စည်ကားသွားခဲ့သည်မှာ အားကျဂုဏ်ယူစရာဖြစ်သည်။ ထို့အတွက် ဘုရားကြီးပေါ်ထွန်းရာ စနစ်တကျ ဦးဆောင်ဦးရွက်ပြုခဲ့ကြသူများနှင့် ဘာသာတရားအားကောင်းသော အလှူရှင်အပေါင်းကို အကြိမ်ကြိမ် သာဓုခေါ် အထူးကျေးဇူးတင်မိပါတော့သည်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြသည့် ရပ်နီးရပ်ဝေးမှ ဘုရားဖူး ရဟန်း၊ ရှင်လူ၊ ပြည်သူများကို တွေ့ရစဉ်။

### မာရဝိဇယက ညွှန်းသော အောင်နိုင်ခြင်းတရားများ

မာရဝိဇယဟူသည် မာရ + ဝိဇယ ဟူသည့် အနက်ရှိသည်။ မာရ = သေခြင်း၊ သေစေခြင်းဟူသည် မာရ်နတ်ကို ညွှန်း၏။ ကုသိုလ်တရားကို ဟန့်တား သတ်ဖြတ်သော မာရ်ဖြစ်၏။ ဝိဇယဟူသည် အောင်နိုင်ခြင်း၊ လွှမ်းမိုးခြင်း အနက်ကိုဆောင်၏။ သို့ဖြစ်၍ မာရဝိဇယဟူသည် မာရ်ကိုအောင်မြင်ခြင်း၊ သေခြင်းတရားကို အောင်မြင်ခြင်းမည်ပါသည်။ တစ်နည်း အကုသိုလ်ကို ကုသိုလ်က အောင်နိုင်ခြင်း၊ သေခြင်းတရားကို အောင်နိုင်ခြင်းဖြစ်သည်ဟု မှတ်ယူပါသည်။ အနှစ်သာရအားဖြင့် ဘုရားရှင်တို့မည်သည် မာရ်ငါးပါးကို အောင်နိုင်မှု၊ အောင်မြင်ခြင်းမှတ်ကျောက်ကို လွှင့်တင်နိုင်မှသာ ဘုရားအဖြစ်ကို ရောက်သည်ဟူသော အဓိပ္ပာယ်ပြည့်ဝမှုကို ဆောင်သည်။

သို့ဆိုလျှင် သေခြင်းတရားတွေက မည်သို့ဖြစ်ပါသလဲ၊ မာရ်ငါးပါးသော သေခြင်းတရားတွေပဲဖြစ်သည်။ သံသရာတစ်လျှောက် တဝဲလည်လည် လောကီအာရုံ ကာမဂုဏ်မျိုးစုံ ခံစားစံစားရအောင် ဖန်ဆင်းတတ်သော၊ မြတ်စွာဘုရားကို အမျိုးမျိုး နှောင့်ယှက်ခြိမ်းခြောက်တတ်သော မာရ်နတ်မင်းကိုလည်း အောင်နိုင်ခဲ့ဖူးသည်။ အောင်နိုင်ရာတွင် မေတ္တာဖြင့်လည်းကောင်း၊ အရဟတ္တမဂ်ဖြင့်လည်းကောင်း အတုမရှိ အောင်တော်မူခဲ့ခြင်းဖြစ်သည်။ ထိုအောင်နိုင်မှုကို အစွဲပြု၍လည်း တို့တစ်တွေ သံသရာပြတ်ကြောင်း ကျင့်ကြံအားထုတ်ဖို့ရန်ကို သတိသံဝေဂရစေသည်။ ကိလေသာဟူသည် စိတ်နှလုံးကို ပူလောင်ဆင်းရဲစေသည် မဟုတ်ပါလား...။

ထိုကိလေသာတွေကို မသတ်နိုင်သရွေ့ သေခြင်းတရားကမလွတ်၊ ထို့ကြောင့် လောဘ၊ ဒေါသ၊ မသိမှုမောဟ၊ မာန၊ အယူမှားဒိဋ္ဌိ တွေးတောယုံမှား စိတ်နှစ်ခွနှင့် ဝိစိကိစ္ဆာ၊ ထိုင်းမှု၊ မှိုင်းမှု ၊ ပျင်းရိမှုစိတ်က ပျံ့လွင့်ဥဒ္ဒစ္စ၊ မကောင်းမှုလုပ်ရတာ မရှက်ကြတော့တဲ့ အဟိရိကနှင့်တကွ ကောင်းတာလုပ်ရမှာ ရှက်ကြောက်နေတတ်ကြတဲ့ အနောတ္တပ္ပစသည့် အားကြီးသော ထိုကိလေသာမာရ်များသည်ပင် ဘုရားရှင် အောင်နိုင်တော်မူခဲ့သော အကုသိုလ်တရားများ ဖြစ်ခဲ့သည်။ ယနေ့ လူသားများတွင်ရော.. အစဉ်ကိန်းအောင်းနေသည့် ကိလေသာများကို သတိမလွတ် မမေ့ကြကုန်ဘဲ လျှော့ချလျှော့ကျနိုင်ရန် ကြိုးစားအားထုတ်ကြရမည့် အခွင့်အခါကောင်းတစ်ခုဆီ ရောက်နေသည်ဟုသာ မြင်မိပါသည်။

ပြုပြင်စီရင်မှု သင်္ခါရနှင့် ပတ်သက်၍လည်း ကံစေတနာအပေါ်မူတည်၍ ပြုမိလိုက်သော ယခုဘဝကုသိုလ်၊ အကုသိုလ်ကံများသည် သေရဦးမည့် ယခုဘဝ၊ ဆက်၍ သေရဦးမည့် နောင်ဘဝများတွင်လည်း ဆက်ခါဆက်ခါ အကျိုးပေးနေဦးမှာဖြစ်သည်။ ထို့အတွက် နောင်ဘဝကံတွေ ထပ်ခါထပ်ခါ မလိုချင်အောင်နှင့် ယခုဘဝ ဒါန၊ သီလ ၊ ဘာဝနာ ကုသိုလ်အလုပ်များလုပ်တိုင်း လုပ်တိုင်းတွင် စိတ်ထားတတ်ရန်၊ ခြောက်ပါးသောအာရုံ မှန်သမျှတို့တွင် နှလုံးသွင်းမှန်စွာဖြင့် ကုသိုလ်သာဖြစ်ပြီး အကုသိုလ်မဖြစ်မိစေဘဲ အာရုံမှန်သမျှ နိုင်နင်းရန်၊ ပြုမိသောအကုသိုလ်ကံတွေ မရှည်လျားအောင်နှင့် အကျိုးပေးခွင့်မသာအောင်၊ ပြုပြီးကုသိုလ်ကံတွေ တိုးသည်ထက်တိုးနေအောင် ဉာဏ်ပါသော ဝီရိယစိုက်၍ အားထည့်ကြိုးစားရန် အရေးကြီးနေပါသည်။

သို့မှသာ အားကြီးသော ပြုပြင်စီရင်တတ်သော အကုသိုလ်ကံကို တားမြစ်ရာရောက်မည်ဖြစ်ကာ အောင်နိုင်မှုကို ရရှိမည်ဟု ဆိုပါသည်။ အတိတ်ဘဝအဆက်ဆက် ဘဝတွေ၊ ဆုတောင်းကံတွေ ထူထောင်မိ၍ ဒီဘဝ ငါးပါးသောဉာဏ်ခန္ဓာကြီးရလာသည်ဖြစ်၍ သေခြင်းတွေ ကြုံရဦးမည်ဖြစ်သည့်အခါ ထိုသေခြင်းတရားကို ရှောင်နိုင်ဖို့ရာ သေခြင်း၏ အကြောင်းတရားတစ်ခုဖြစ်သော ဉာဏ်ခန္ဓာမာရ်ကို အောင်နိုင်ရန် လိုအပ်ကြောင်းလည်း အခွင့်အခါရတိုင်း ဆင်ခြင်မိကြသည်။ သေခြင်းတရားကို ကျွန်တော်တို့အားလုံး ကြောက်ကြသည်။ အိုရမည်၊ နာရမည်၊ မိမိချစ်ခင်သူများနှင့် မခွဲချင်လည်း ခွဲရမည်၊ ကိုယ်ကြိုက်သည့် ပစ္စည်းဥစ္စာတွေ မထားချင်လည်း ထားခဲ့ရဦးမည် ဒါတွေအားလုံး မကြုံလိုမဆုံလိုပါ။ အထူးသဖြင့် သေခြင်းတရားကိုပါ၊ မလိုချင်လျှင် မမွေးလာအောင် ကြိုးစား၊ ထိုသို့ကြိုးစားနိုင်မှသာ မလိုချင်သော သေခြင်းတရားကို အောင်နိုင်ရာရောက်ပါသည်။

### ဖွံ့ဖြိုးတိုးတက်မှုအားလုံး၏ ဗဟိုချက်မအဖြစ် ကိုးကွယ်ယုံကြည်မှုတရား

လက်ရှိကမ္ဘာ့အခြေအနေ မြန်မာနိုင်ငံ အခြေအနေများအရ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး ဆက်လက်ခိုင်ခိုင်မာမာ ထွန်းလင်းတောက်ပနေပုံကို ကမ္ဘာကိုပြသရန် လိုအပ်နေသည်။ ထို့ကြောင့် ငါတို့၏ ဤသာသနာသည် ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်သည်ဆိုသော အချက်ကို ကောင်းစွာနှလုံးသွင်းလျက် သာသနာကြီး တည်တံ့အောင် အစဉ်ကြိုးစားအားထုတ်နေရမည်ဟု ခံယူလိုက်မိသည်။ ယခုကာလများတွင်မူ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုနှင့်အတူ စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုများကိုပါ ရရှိလာချင်သည်။

လက်ရှိဘာသာတရားအပေါ် မိရိုးဖလာ အသိကလေးမျှနှင့် တင်းတိမ်ရောင့်ရဲမနေသင့်ဘဲ ပညာအခြေခံမှန်ကန်သည့် ဘာသာတရားအဆုံးအမများ မှန်ကန်သောအယူ၊ မှန်ကန်သောအမြင်များဖြင့်သာ နိုင်ငံသူ နိုင်ငံသားအားလုံး၏ စိတ်ဓာတ်များကို ဖြူစင်သန့်ရှင်း အေးချမ်းကြည်လင်စေလိုသည့် ဆန္ဒဖြစ်မိသည်။ အထက်တန်းစား ဗုဒ္ဓဘာသာဝင်များပီပီ မှန်ကန်သော အပြုအမူများဖြင့် ကောင်းသောသုစရိုက်များကိုသာ မြင်ချင်၊ တွေ့ချင်ကြမည်ဖြစ်သည်။ သို့မှသာ ကိလေသာပါးအစွဲနည်းစွာဖြင့် ဗုဒ္ဓမြတ်စွာဘုရား သာသနာကို ရိုသေလေးစားရာ ပူဇော်ရာရောက်မည်ဖြစ်ကာ သာသနာကြီးလည်း အဓွန့်ရှည် တည်တံ့သန့်ရှင်းလာမည်၊ နိုင်ငံတော်လည်း ငြိမ်းချမ်းသာယာဝပြောလာမည်၊ ကမ္ဘာကြီးလည်း ငြိမ်းချမ်း၊ ပြည်သူတွေလည်း လုံလုံခြုံခြုံ အေးအေးချမ်းချမ်းဖြင့် နေထိုင်လုပ်ကိုင်စားသောက်နိုင်ကြမည်ဟု ယုံကြည်မိပါသည်။

*စာမျက်နှာ ၁၁ သို့*

■ **မာရဝိဇယဟူသည် မာရ + ဝိဇယ ဟူသည့် အနက်ရှိသည်။ မာရ = သေခြင်း၊ သေစေခြင်းဟူသည် မာရ်နတ်ကို ညွှန်း၏။ ကုသိုလ်တရားကို ဟန့်တားသတ်ဖြတ်သော မာရ်ဖြစ်၏။ ဝိဇယဟူသည် အောင်နိုင်ခြင်း၊ လွှမ်းမိုးခြင်း အနက်ကို ဆောင်၏။ သို့ဖြစ်၍ မာရဝိဇယဟူသည် မာရ်ကို အောင်မြင်ခြင်း၊ သေခြင်းတရားကို အောင်မြင်ခြင်းမည်ပါသည်။ တစ်နည်း အကုသိုလ်ကို ကုသိုလ်က အောင်နိုင်ခြင်း၊ သေခြင်းတရားကို အောင်နိုင်ခြင်းဖြစ်သည်ဟု မှတ်ယူပါသည်။ အနှစ်သာရအားဖြင့် ဘုရားရှင်တို့မည်သည် မာရ်ငါးပါးကို အောင်နိုင်မှု၊ အောင်မြင်ခြင်းမှတ်ကျောက်ကို လွှင့်တင်နိုင်မှသာ ဘုရားအဖြစ်ကို ရောက်သည်ဟူသော အဓိပ္ပာယ်ပြည့်ဝမှုကို ဆောင်သည်**

စာမျက်နှာ ၁၀ မှ

**စွန့်လွှတ်စွန့်ကြဲသည့် ဒါနထက်သန်သည့် ဝေယျာဝစ္စသီလကုသိုလ်များဖြင့်**

❖ **လက်ရှိဘာသာတရားအပေါ် မိရိုးဖလာအသိကလေးမျှနှင့် တင်းတိမ်ရောင့်ရဲမနေသင့်ဘဲ ပညာအခြေခံမှန်ကန်သည့် ဘာသာတရားအဆုံးအမများ မှန်ကန်သောအယူ၊ မှန်ကန်သောအမြင်များဖြင့်သာ နိုင်ငံသူ နိုင်ငံသားအားလုံး၏ စိတ်ဓာတ်များကို ဖြူစင်သန့်ရှင်း အေးချမ်းကြည်လင်စေလိုသည့် ဆန္ဒဖြစ်မိသည်။ အထက်တန်းစား ဗုဒ္ဓဘာသာဝင်များပီပီ မှန်ကန်သော အပြုအမူများဖြင့် ကောင်းသော သုစရိုက်များကိုသာ မြင်ချင်၊ တွေ့ချင်ကြမည်ဖြစ်သည်။ သို့မှသာ ကိလေသာပါး အစွဲနည်းစွာဖြင့် ဗုဒ္ဓမြတ်စွာဘုရားသာသနာကို ရိုသေလေးစားရာပူဇော်ရာ ရောက်မည်ဖြစ်ကာ သာသနာကြီးလည်း အစွန့်ရှည်တည်တံ့သန့်ရှင်းလာမည်၊ နိုင်ငံတော်လည်း ငြိမ်းချမ်းသာယာဝပြောလာမည်၊ ကမ္ဘာကြီးလည်း ငြိမ်းချမ်း၊ ပြည်သူတွေလည်း လုံလုံခြုံခြုံ အေးအေးချမ်းချမ်းဖြင့် နေထိုင်လုပ်ကိုင်စားသောက်နိုင်ကြမည်ဟု ယုံကြည်မိပါသည်**

အဓိက အရေးကြီးသည်မှာ ဗုဒ္ဓဘာသာဝင်တို့၏ သာသနာအမွေအနှစ်များ မယိမ်းယိုင်၊ မပျောက်ကွယ်ရေးပင်ဖြစ်သည်။ ရုပ်ပွားတော်ကြီးနှင့်တကွ ဘုရားပရိဝုဏ်နှင့် သာသနိကအဆောက်အဦများ ရေရှည်တည်တံ့ခိုင်မြဲပြီး သန့်ရှင်းသပ်ရပ် လှပနေရန်မှာ ကျွန်တော်တို့ဗုဒ္ဓဘာသာဝင် ဓမ္မမိတ်ဆွေအပေါင်းတွင် တာဝန်ရှိသည်ဟု ခံယူပြီး ပူးပေါင်းပါဝင်ကြခြင်းဖြင့် သာသနာတော်ကြီး အစွန့်ရှည်အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် ဖြစ်သည်။

**ပညာရပ်အမြင့်ဆုံးဖြင့် အခက်အခဲအချို့အောက်မှာ စနစ်တကျ တည်ဆောက်ထုဆစ်ခဲ့ကြရသော ရုပ်ပွားတော်ကြီးဖြစ်သည့်အတွက် ဗုဒ္ဓဥယျာဉ်တော်နှင့် အဆောက်အဦများ မပျက်မစီး၊ မယိုယွင်း၊ မညစ်နွမ်းစေရေး၊ စားကြွင်းစားကျန် အမှိုက်သရိုက်များနှင့် အစွန်းအထင်းများ မဖြစ်စေရေးအတွက် စွန့်လွှတ်စွန့်ကြဲသည့် ဒါနထက်သန်သည့် စေတနာ ဝေယျာဝစ္စကုသိုလ်ထူးများဖြင့် တတ်အားသမျှ ကုသိုလ်ယူပါဝင်မှုပေးကြစေလိုပါသည်။**

ကိုယ်စီကိုယ်စီဘဝတွေမှာ ထူးကဲစွာရခဲလှသည့် ဤအခွင့်အရေးကို သဒ္ဓါထက်သန်စွာဖြင့် ရယူလိုစိတ်များဖြစ်မိပါသည်။ တရားသံများ ဝေဆာရာ ဤနေရာ ဤဌာနလေးသည် အများလှူဒါန်းပူဇော်အားထုတ်ရန် သာသနာကို ထောက်ပံ့ရန် သင့်လျော်မှုတသည့် နေရာတစ်ခုလည်း ဖြစ်နေသည်ကို သတိပြုမိသည်။ အများပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဆက်လက်ဖူးမြော်ကြည်ညိုနိုင်ရေး၊ လေ့လာနိုင်ရေး၊ ဝတ်ပြုဆုတောင်း ဘာဝနာတရားများ အားထုတ်နိုင်ရေးများအတွက် တည်ဆောက်ရေး လုပ်ငန်းများကား ပြီးဆုံးသည်မဟုတ်သေးပါ။ အသစ်တည်ထားရုံနှင့်မပြီး အစဉ်မပြတ် ပြုပြင်ထိန်းသိမ်းပူဇော်မှုများ ရှိနေရပါဦးမည်။ ဘုရားကြီးပတ်ဝန်းကျင် အမြဲစိမ်းလန်းစိုပြည်ရေးလုပ်ငန်းစဉ်များ များစွာရှိပါသေးသည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း သဘောတရားများလည်း ပါဝင်နေသည်ကို တွေ့ရပြီး စိုက်ပျိုးပြီး မဟာဗောဓိညောင်ပင်အပါအဝင် အခြားသစ်ပင်များ အမြဲရှင်သန်ဖြစ်ထွန်းရန် အုတ်တစ်ချပ်သဲတစ်ပွင့်မျှ ပါဝင်ကြရပါဦးမည်။

ဗုဒ္ဓဘာသာဝင် နိုင်ငံသားများပီသစွာ ဆရာဒကာလက်တွဲညီစွာဖြင့် ကိုယ်ကိုယ်တိုင် တာဝန်သိ တာဝန်ရှိမှုများကို ပြသပြီး သာသနာတော်ကို စောင့်ရှောက်ထိန်းသိမ်းနိုင်မည့်သူများအဖြစ် အလေးအနက် ခံယူမိပါသည်။ မည်သည့်ခေတ် ရောက်ရောက် သာသနာအရောင်မမှိန်အောင် မဆုတ်ယုတ် မပျောက်ကွယ်အောင် အလေးထားကြိုးစား ကြရပေဦးမည်။ ဗုဒ္ဓတရားတော်များ ဆက်လက်ထွန်းကားပြန့်ပွားစေမည့် ဤမာရဝိဇယဗုဒ္ဓရုပ်ပွားတော်ကြီးအား အထူးပြုအမှီပြု၍ နိုင်ငံတော်ကြီး အဘက်ဘက်မှ တိုးတက်ကာ ဘေးရန်အပေါင်းမှ အောင်မြင်ပါစေကြောင်း၊ အခက်အခဲမှန်သမျှ စိန်ခေါ်မှုမှန်သမျှ အကောင်းဆုံး ဖြတ်ကျော်နိုင်ကြပါစေကြောင်း အကောင်းမြင် မျှော်လင့်နေမိပါတော့သည်။ ။

---

စာမျက်နှာ ၉ မှ

ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီး သုံးဦးဟာ စီးပွားရေးကဏ္ဍတွေ၊ လူမှုရေးကဏ္ဍတွေ၊ ပြီးရင် … အခုမီဒီယာကဏ္ဍမြင့်တင်ဖို့ ထဲထဲဝင်ဝင်ပူးပေါင်းဆောင်ရွက်ဖို့ နိုင်ငံတော်ဝန်ကြီးချုပ်က စေလွှတ်လိုက်တာ ဖြစ်ပါတယ်။ လာမယ့်ကာလတွေမှာ နှစ်နိုင်ငံချစ်ကြည်ရေးက ပိုပြီးတော့ အရှိန်မြင့်ပါမယ်။ မြင့်တင်တဲ့အခါ မီဒီယာကဏ္ဍအနေနဲ့လည်း ပါဝင်မှာ ဖြစ်ပါတယ်။ မီဒီယာဆိုတာတော့ အင်မတန်ကျယ်ပြန့်ပါတယ်။ ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုရင် အိမ်နီးနားချင်းနှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုတိုးတက်ပြီး နှစ်နိုင်ငံလုံး တည်ငြိမ်တိုးတက်တဲ့ အနာဂတ်ကို မလွဲမသွေ ရောက်မယ်လို့ ယုံကြည်ပါတယ်။

**မေး ။ ။ တရုတ်-မြန်မာ နှစ်နိုင်ငံမီဒီယာက Belt and Road၊ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု စတဲ့ ယန္တရားတွေအောက်မှာ ဘယ်လိုရလဒ်တွေ ရရှိခဲ့ပါသလဲ။ ဆက်သွယ်ရေးနည်းပညာအမျိုးအစားတွေ စုံလင်လာတာနဲ့အမျှ မီဒီယာကလည်း Digital အဖြစ် ပြောင်းလဲလာပါတယ်။ နှစ်နိုင်ငံမီဒီယာဆန်းသစ်တီထွင် ပူးပေါင်းဆောင်ရွက်တဲ့ အနာဂတ်အလားအလာက ဘယ်လိုဖြစ်နိုင်ပါသလဲ။ နှစ်နိုင်ငံ မီဒီယာပူးပေါင်းဆောင်ရွက်မှုအပေါ် ဝန်ကြီးအနေဖြင့် ဘယ်လိုမျှော်လင့်ချက်တွေ ရှိပါသလဲ။**

ဖြေ ။ ။ အခုခေတ်အခါမှာ မီဒီယာက ကမ္ဘာကြီးကို လွှမ်းခြုံထားတယ်လို့ ပြောလို့ရပါတယ်။ ကမ္ဘာကြီးက ရွာကြီး ဖြစ်လာနေပြီ။ ယနေ့ ဘယ်နေရာမှာ ဘာဖြစ်တယ် ဆိုတာကို ကမ္ဘာပေါ်မှာနေထိုင်တဲ့ လူသားတိုင်းက ချက်ချင်းသိနေနိုင်တယ်။ မီဒီယာက အလွန်မြန်တယ်။ ဟိုးအရင်တုန်းကဆိုရင်တော့ ဒီလိုစနစ်တွေ မရှိသေးတဲ့အခါကျတော့ ကိုယ့်နိုင်ငံထဲမှာကို မနီးမဝေးမှာ ဘာဖြစ်တယ်ဆိုတာ မသိရဘူး။ အခုကျတော့ ဟိုး … ကမ္ဘာအစွန်းဆုံးမှာရှိတဲ့ နိုင်ငံတွေ အခုဖြစ်တဲ့ ဒီ Current Situation ပေါ့။ လက်ရှိအနေထားကိုတောင်မှ အချိန်နဲ့တစ်ပြေးညီ သိရတယ်။ ဒီအွန်လိုင်းခေတ်၊ အင်တာနက်ခေတ်ကြီးက အတော်ကျယ်ပြန့်တယ်။ မီဒီယာဟာ ဒီလိုကျယ်ပြန့်တဲ့အခါမှာ အလွန်ကို အရေးကြီးတဲ့ ကဏ္ဍကို ရောက်လာပြီ။

မြန်မာနိုင်ငံကိုပဲ ပြန်ကြည့်မယ်ဆိုရင် ဒီနေ့ မီဒီယာကြီးတွေရဲ့ လွှမ်းမိုးမှုက တော်တော်လေးကို ထဲထဲဝင်ဝင်နဲ့ နိုင်ငံရဲ့ အခြေအနေကို၊ တိုးတက်မှုကို နှောင့်နှေးအောင် လုပ်တာတွေလည်း တွေ့ရတယ်။ ဆိုလိုတဲ့ သဘောကတော့ သတင်းတု၊ သတင်းမှားတွေကြောင့်ပါ။ မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပေါ်နေတဲ့ သတင်းအမှန်တွေကို အိမ်နီးချင်းနိုင်ငံတွေရော၊ ကမ္ဘာ့နိုင်ငံတွေ အားလုံးကို မသိရအောင်လို့ နည်းပညာနဲ့ဖြစ်စေ၊ တခြား နိုင်ငံရေးနည်းလမ်းတွေနဲ့ဖြစ်စေ ဖုံးလွှမ်းပြီးတော့ မဟုတ်တဲ့ သတင်းတု၊သတင်းမှားတွေကိုပဲ ကမ္ဘာ့နိုင်ငံအသီးသီးကို ရောက်အောင်လို့ တချို့သောနိုင်ငံကြီးတွေက စီမံဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ဒီတော့ ဝမ်းနည်းဖွယ်ရာလို့ပဲ ပြောရမှာပါ။

အမှန်တကယ် ပကတိမြန်မာနိုင်ငံရဲ့ အနေအထားကို ပြည်ပနိုင်ငံတွေက မသိတဲ့အခါ အထင်အမြင်လွဲမှားမှုတွေ၊ နားလည်မှုတွေ၊ ယုံကြည်မှုတွေ လျော့ပါးတဲ့အခါမှာ နှစ်နိုင်ငံဆက်ဆံရေးတွေ၊ ချစ်ကြည်ရေးတွေကလည်း တကယ့်ကို လျော့ပါးစေတာကို တွေ့ရတယ်။ ဒါကြောင့် ယနေ့မီဒီယာဟာ အရေးကြီးတဲ့ အခန်းကဏ္ဍကို ရောက်လာပြီ။ ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ဆိုရင် အတတ်နိုင်ဆုံး သတင်းတု၊ သတင်းမှားတွေကို ချေဖျက်ပြီးတော့ သတင်းအမှန်တွေကို ပြည်သူတွေသိအောင် နိုင်ငံအတွင်းမှာတော့ အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်နေနိုင်ပြီ ဖြစ်ပါတယ်။ သို့သော်လည်း ပြည်ပနိုင်ငံအသီးသီးကို ရောက်ရှိဖို့လိုနေသေးတယ်။

ဒါကြောင့် ယနေ့ ဒီတရုတ်နိုင်ငံရဲ့ကူမင်းမြို့ကို ရောက်တဲ့အခါမှာတော့ ဒီမှာရှိတဲ့ YMG အဖွဲ့နဲ့လည်း အခုပူးပေါင်းဆောင်ရွက်ဖို့ သဘောတူညီတဲ့ အနေအထားရှိပါတယ်။ MoU ကတော့ အဆင့်ဆင့်သွားရမှာပေါ့။ အခုဆွေးနွေးထားပြီး ဖြစ်ပါတယ်။ အပြန်အလှန် သတင်းတွေဖလှယ်ဖို့ စီစဉ်ထားပါတယ်။ နောက်တစ်ခါ CMG ပေါ့နော်။ CMG နဲ့လည်း MoU ထိုးဖို့အဆင့် စီမံဆောင်ရွက်နေပြီဖြစ်ပါတယ်။ နောက်ယူနန်မှာရှိတဲ့ Yunan TV နဲ့လည်း ထဲထဲဝင်ဝင် နှစ်ဦးသဘောတူ တွေ့ဆုံပြီးရင် နံပါတ် (၁) ကတော့ သတင်းဖလှယ်မယ်။ နံပါတ် (၂) ကတော့ အပြန်အလှန်သွားလာ၊ အပြန်အလှန် လေ့လာကြမယ်။ ကျွန်တော်တို့နိုင်ငံရဲ့ မီဒီယာအနေအထားကိုလည်း ဒီဘက်က လေ့လာပြီးရင် လိုအပ်တာတွေကို ကူညီဆောင်ရွက်ပေးနိုင်အောင် ဖြစ်ပါတယ်။ ပြီးတော့ “Entertainment” အပိုင်း၊ “Entertain-ment” ဆိုတော့ ယဉ်ကျေးမှုနဲ့ ဆိုင်သွားတယ်။ ကူမင်းမှာရှိတဲ့ တရုတ်နိုင်ငံသူ နိုင်ငံသားများရဲ့ ယဉ်ကျေးမှုတွေ ဓလေ့၊ အလေ့အထတွေ၊ နောက် ဇာတ်လမ်းတိုတွေ၊ ဇာတ်လမ်းတွဲတွေကို ကျွန်တော်တို့ပြည်သူတွေ ကြည့်ခြင်းအားဖြင့် တရုတ်နိုင်ငံရဲ့ယဉ်ကျေးမှု၊ တရုတ်နိုင်ငံသူ နိုင်ငံသားတွေရဲ့ သဘောသဘာဝတွေကို ခံစားရတယ်။ ဒီလိုပဲ မြန်မာနိုင်ငံက ရိုက်တဲ့ ဇာတ်လမ်းတွဲတွေ၊ မြန်မာ့ယဉ်ကျေးမှုတွေကို ဒီဘက်ကို အပြန်အလှန် ပို့ပေးခြင်းအားဖြင့်လည်း တရုတ်နိုင်ငံသူ နိုင်ငံသားတွေအနေနဲ့ မြန်မာနိုင်ငံရဲ့ တိုင်းရင်းသားပေါင်းစုံပါဝင်တဲ့ မြန်မာ့လူမျိုးတွေရဲ့ ဓလေ့စရိုက်ကို သိရပါမယ်။ လူဆိုတာက ပုဂ္ဂိုလ်မင်မှ လုပ်ငန်းတွေက ပိုပြီးတိုးတက် အောင်မြင်ပါတယ်။ အဲဒီတော့ လူပုဂ္ဂိုလ်ဆိုတာ နှစ်နိုင်ငံ ပြည်သူအချင်းချင်း အပြန်အလှန် နားလည်မှုရှိကြမယ်ဆိုရင် ဘာပဲပြောပြော ယဉ်ကျေးမှုတွေ တိုးလာတာနဲ့အမျှ နှစ်နိုင်ငံအစိုးရအချင်းချင်း ဆက်ဆံမှုတွေကလည်း ပိုပိုပြီးတော့ ချစ်ကြည်ရင်းနှီးမှုတွေက နီးကပ်လာမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့တော့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံရဲ့ အကူအညီနဲ့ ယနေ့ ကျွန်တော်တို့နိုင်ငံရဲ့ သတင်းအမှန်တွေကို ကမ္ဘာကြီးသိအောင်၊ ကျွန်တော်တို့က သတင်းတုတွေ၊ သတင်းအမှားတွေကို မပေးပါဘူး။ တကယ့်ကို ပကတိဖြစ်ရပ်မှန် သတင်းအမှန်တွေ၊ နိုင်ငံတော်အစိုးရက စိစစ်ထားပြီးသား သတင်းအမှန်တွေကို တရုတ်မီဒီယာတွေကနေ ကမ္ဘာကြီးကို ဖြန့်ကြက်ခြင်းအားဖြင့် မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေမှန်တွေကို ကမ္ဘာကပိုမိုသိရှိပြီးမှ အနာဂတ်မှာ ကျွန်တော်တို့နိုင်ငံရဲ့ တည်ငြိမ်မှု၊ တိုးတက်မှုတွေကို အနေးနဲ့အမြန် ရောက်လာမယ်လို့ ယုံကြည်ပါတယ်။

ဒီကူမင်းမြို့ကို ရောက်လာခြင်းဟာ ကျွန်တော့်အတွက် အထူးပဲ ရင်ထဲမှာ ကျေနပ်ပီတိဖြစ်မိပါတယ်။ ယနေ့ မီဒီယာကဏ္ဍ ဆက်ဆံမှုဟာ တကယ့်ကို အရှိန်မြှင့်တဲ့ အနေအထားကိုလည်း တွေ့ရတယ်။ အပြန်အလှန် ယုံကြည်မှုတွေ၊ နားလည်မှုတွေလည်း ရှိနေတဲ့အခါ ကျွန်တော် ဒီကပြန်သွားပြီးရင် နောက်ပိုင်းမှာ ဒီထက်ပိုမိုပြီးတော့မှ နီးစပ်တဲ့၊ နီးကပ်တဲ့ မီဒီယာဆက်ဆံရေးနဲ့ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံအပါအဝင် ဒေသကြီးတစ်ခုလုံးရောက်ဖို့ မီဒီယာနည်းလမ်းနဲ့ တတ်နိုင်သရွေ့ ပူးပေါင်းဆောင်ရွက်သွားမယ်လို့ ပြောချင်ပါတယ်။

**အခုလိုဖြေကြားပေးတဲ့အတွက် ပြည်ထောင်စုဝန်ကြီးကို ကျေးဇူးအများကြီး တင်ပါတယ်။**

---

## နတ်တလင်းမြို့နယ်မြို့မ အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

နတ်တလင်း ဩဂုတ် ၂၄

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ဩဂုတ် ၂၂ ရက်က မြို့မ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ရေးဦးစွာ မြို့မ အ.ထ.က ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နွယ်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်လဲ့ဝါမြင့် က လူငယ်စကားဝိုင်း ကျင်းပခြင်းရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြား၍ လူငယ်စကားဝိုင်းစတင်ကျင်းပရာ မြို့နယ်ဦးစီးအရာရှိနှင့် Book Club အဖွဲ့ဥက္ကဋ္ဌ ဆရာဦးသန်းအောင်တို့က ဦးဆောင်ဆွေးနွေးသူအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပြီး ဆွေးနွေးပွဲ၌ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်အားကစား၊ လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်ကျန်းမာရေး ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးချက်များအပေါ် တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည့်အချက်များကို ပြန်လည်မေးမြန်းဆွေးနွေးကြရာ ဦးဆောင်ဆွေးနွေးသူနှင့် ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။ **ဝေယံဖြိုး(ပြန်/ဆက်)**

# ဘွဲ့လွန်မဟာသိပ္ပံ (M.Sc) သင်တန်းသားများ ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း**

## ဘွဲ့လွန်မဟာသိပ္ပံ (M.Sc) သင်တန်းသားများ ခေါ်ယူခြင်း

၁။ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ဘွဲ့လွန်မဟာသိပ္ပံတန်းသို့ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် တက်ရောက်လိုသူများ လျှောက်ထားနိုင်သည်-

(က) သိပ္ပံ (သစ်တောပညာ) ဘွဲ့ B.Sc (Forestry) ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။

(ခ) သိပ္ပံ (သစ်တောပညာ) ဘွဲ့ရစာမေးပွဲ (နောက်ဆုံးနှစ်စာမေးပွဲ) တွင် ပျမ်းမျှ ရမှတ် ၆၅% နှင့်အထက် ရရှိသူ ဖြစ်ရမည်။

(ဂ) ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၃၁) ရက် (ကြာသပတေးနေ့) တွင် အသက် (၄၅)နှစ် အထက် မကျော်လွန်သူဖြစ်ရမည်။

(ဃ) ဘွဲ့လွန်မဟာသိပ္ပံတန်းသို့ အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။

၂။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း/ ဌာနများ၌ တာဝန်ထမ်းဆောင်နေကြသည့် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူဝန်ထမ်းများသည် အစိုးရဝတ္တရား (on deputation) ဖြင့် တက်ရောက်ရန် လျှောက်ထားနိုင်သည်။ လျှောက်ထားလိုသူများသည်-

(က) မိမိတာဝန်ထမ်းဆောင်နေသည့် သက်ဆိုင်ရာ လုပ်ငန်း/ ဌာန အကြီးအကဲမှတစ်ဆင့် တရားဝင်လျှောက်ထားရမည်။

(ခ) မဟာသိပ္ပံတန်းသို့ အချိန်ပြည့် တက်ရောက်ခွင့်ပြုကြောင်း သက်ဆိုင်ရာလုပ်ငန်း/ ဌာန အကြီးအကဲ၏ ထောက်ခံစာ ပူးတွဲတင်ပြရမည်။

(ဂ) တက်ရောက်ခွင့် ရရှိပါက လစာ၊ စရိတ်နှင့် အခြားရပိုင်ခွင့်များကို သက်ဆိုင်ရာ လုပ်ငန်း/ ဌာနမှ ရယူခံစားကြရမည်။

၃။ ပူးတွဲပါ ဘွဲ့လွန်တန်းပညာသင်ကြားခွင့် လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲတင်ပြရမည်-

(က) တစ်လက်မခွဲ နှစ်လက်မအရွယ် ဓာတ်ပုံ (၄) ပုံ (တစ်ပုံ လျှောက်လွှာတွင် ကပ်ရန် ဖြစ်သည်)

(ခ) သိပ္ပံ (သစ်တောပညာ) ဘွဲ့လက်မှတ်မိတ္တူ (သို့မဟုတ်) နောက်ဆုံးနှစ်အောင်မြင်ကြောင်း ထောက်ခံစာ မိတ္တူ တစ်စောင်

(ဂ) သိပ္ပံ (သစ်တောပညာ) ဘွဲ့ စာမေးပွဲ (နောက်ဆုံးနှစ်) စာမေးပွဲအောင် အမှတ်စာရင်း မိတ္တူတစ်စောင်

(ဃ) ကျန်းမာရေး (က) အဆင့်ရှိကြောင်း ဆရာဝန်၏ ဆေးထောက်ခံချက်

၅။ လျှောက်လွှာကို သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၊ မော်ကွန်းထိန်းရုံးသို့ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၁၅) ရက် (သောကြာနေ့) နောက်ဆုံးထားအရောက် ပေးပို့ကြရမည်။

၆။ ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်၌ အောက်ပါ အစီအစဉ်အတိုင်း ကျင်းပစစ်ဆေးမည်-

| စဉ် | ဘာသာရပ် | နေ့ရက်/ အချိန် |
|---|---|---|
| (က) | အင်္ဂလိပ်စာ ဘာသာရပ် | ၅-၁၀-၂၀၂၃ ရက် (ကြာသပတေးနေ့) |
| | (၂) နာရီမေးခွန်း | နံနက် (၉ : ၀၀) နာရီမှ (၁၁:၀၀) နာရီအထိ |
| (ခ) | သစ်တောနှင့်ပတ်ဝန်းကျင် ဘာသာရပ် | ၅-၁၀-၂၀၂၃ ရက် (ကြာသပတေးနေ့) |
| | (၂) နာရီမေးခွန်း | မွန်းလွဲ (၁:၀၀) နာရီမှ (၃:၀၀) နာရီအထိ |

၇။ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ဘွဲ့လွန်မဟာသိပ္ပံတန်းကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၁၆) ရက် (ကြာသပတေးနေ့) တွင် ဖွင့်လှစ်မည်။

၈။ အသေးစိတ် အချက်အလက်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းလိုပါက မော်ကွန်းထိန်းရုံး ဖုန်း-၀၆၇-၃၄၁၆၅၁၉ သို့မဟုတ် E.mail လိပ်စာ ufes.registrar@gmail.com သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်**
**ရေဆင်း**

---

❍ *ကျော့ဖုံးမှ*

Electric Contactor ၂၀ အပါအဝင် လျှပ်စစ်ပစ္စည်း ငါးမျိုး၊ ကြက်အူချောင်း အထုပ် ၃၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄,၅၆၀,၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan AD Station Wagon တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅,၀၀၀,၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉,၅၆၀,၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၂၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် DJI Mini 2SE Drone တစ်ခု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁,၆၀၀,၀၀၀) ကို လည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသည့် Badminton Nylon String ၁၀ မီတာ အပါအဝင် ကုန်ပစ္စည်း ၁၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀,၄၀၁,၄၄၆) ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂,၀၀၁,၄၄၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ဩဂုတ် ၂၁ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်မြို့ ပုသိမ်-မော်တင်ကားလမ်း မိုင်တိုင်အမှတ် (၂၅/၆) ၌ တရားမဝင်သစ် ၁ ဒသမ ၀၂၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁,၆၃၈) ကိုလည်းကောင်း၊ ဟင်္သာတခရိုင် ကြံခင်းမြို့ နံ့ဂတ်ရွာအနီး၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၃၀၈ တန် (ခန့်မှန်း တန်ဖိုး ငွေကျပ် ၁၅၅,၆၁၂) ကို လည်းကောင်း၊ မအူပင်ခရိုင် ညောင်တုန်းမြို့နယ် လင်းလွန်းပင်ကွေ့ ထိပ်ဝကြီးကျေးရွာအနီး၌ တရားမဝင်သစ် ၁၉ ဒသမ ၇၀၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂,၉၀၂,၃၆၀) ကို လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃,၁၂၉,၆၁၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၂ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် INDUS Lady Slipper ဖိနပ် အရန် ၃၀၀၊ ကြာဆံ (အပြာ) အထုပ် ၄၅၀၀ အပါအဝင် ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉,၀၅၀,၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ဩဂုတ် ၂၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အမှတ် (၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ၊ လိုင်စင်မဲ့ယာဉ် ဖမ်းဆီးရမိရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တာမွေမြို့နယ် တာမွေလေးရပ်ကွက် မာလာနွယ်လမ်းထိပ်၌ လိုင်စင်မဲ့ Honda Airwave မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄,၅၀၀,၀၀၀) နှင့် ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း ပုလဲကွန်ဒိုရှေ့၌ လိုင်စင်မဲ့ Toyota Crown မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅,၅၀၀,၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀,၀၀၀,၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၂၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၅၃၂ တန်နှင့် အခြား သစ် ၃ ဒသမ ၉၈၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀,၅၁၆) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၃ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းဘူးမြို့ မယ်ဘော့ကုန်းကျေးရွာအနီး၌ တရားမဝင် ရေနံစိမ်း ၁၀ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀,၀၀၀) ကို လည်းကောင်း၊ မင်းလှမြို့ သံပုရာကန်ကျေးရွာအနီး၌ တရားမဝင် ရေနံစိမ်း ဂါလန် ၄၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁,၈၀၀,၀၀၀)၊ စက်သုံးဆီ (ဒီဇယ်ဆီ) ဂါလန် ၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁,၂၈၀,၀၀၀)၊ အဆိုပါရေနံစိမ်းနှင့် ဒီဇယ်ဆီများ တင်ဆောင်လာသည့် Mitsubishi Canter မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀,၀၀၀,၀၀၀) နှင့် HIGO သုံးဘီးမော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၃,၅၀၀,၀၀၀) ကိုလည်းကောင်း၊ ဆိပ်ဖြူမြို့ အနော်ရထာတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Hijet မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃,၅၀၀,၀၀၀) ကို လည်းကောင်း၊ ပြလို့မြို့ ဘွက်ကြီးတံတား စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Wish တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀,၀၀၀,၀၀၀)ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀,၁၃၀,၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၃ ရက်တွင် ရေဖြူမြို့နယ် မလွှဲတောင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Hilux Vigo မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅,၀၀၀,၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ဩဂုတ် ၂၄ ရက်တွင် ကျွန်းစုမြို့နယ် ကျွဲခရံကျေးရွာအုပ်စု ပွဲတိုင်ကျေးရွာ၏ အနောက်မြောက်ဘက် ၀ ဒသမ ၉ မိုင်ခန့်အကွာ ရေပြင်၌ တရားမဝင် သစ်မျိုးစုံ ၁၅ ဒသမ ၃၆၉ တန်၊ အလျား ၂၉ ပေ၊ အနံ ၅ ပေ ၆ လက်မ၊ ရေစူး ၂ပေ ၈ လက်မရှိ စက်လှေတစ်စင်းနှင့် တရုတ်နီအင်ဂျင် သုံးလုံး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂,၁၃၁,၇၃၀) ကို သစ်တော ဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇,၁၃၁,၇၃၀ ကို ဖမ်းဆီး အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၂၀ ရက်၊ ၂၁ ရက်၊ ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁,၆၃၃,၃၀၂) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

---

❊ *ကျော့ဖုံးမှ*

ဆီးလ်ဗားကို ခေါ်ယူရန် ဆန္ဒရှိနေခြင်းဖြစ်သည်။

ဆီးလ်ဗားသည် ၂၀၁၇ ခုနှစ် မေလတွင် မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် နည်းပြ ဂွါဒီယိုလာလက်ထက် ပရီမီယာလိဂ်ဖလား ငါးကြိမ် ဆွတ်ခူးရရှိရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်ခဲ့သူလည်း ဖြစ်သည်။ ထို့ပြင် ၎င်းသည် ပြီးခဲ့သည့် ရာသီတွင် ပြိုင်ပွဲစုံ ၅၅ ပွဲပါဝင်ကစားထားပြီး ခုနစ်ဂိုးသွင်းယူကာ ဂိုးရရှိရန် ရှစ်ကြိမ် ဖန်တီးပေးထားနိုင်သည့်အပြင် မန်စီးတီးအသင်းကိုလည်း ပရီမီယာလိဂ်ဖလား၊ ချန်ပီယံလိဂ်ဖလားနှင့် အက်ဖ်အေဖလား ဆွတ်ခူးရရှိရန် ကူညီပေးထားနိုင်သူဖြစ်သည်။

**အောင်ဇော်**

---

## U12 Junior World Challenge 2023 ပြိုင်ပွဲတွင် မြန်မာ ယူ-၁၂ အသင်း ဘာစီလိုနာနှင့် ဂျပန်ကလပ်ကို ရှုံးနိမ့်

**နေပြည်တော် ဩဂုတ် ၂၄**

(၁၁) ကြိမ်မြောက် U12 Junior World Challenge 2023 ပြိုင်ပွဲ ပထမနေ့ကို ဩဂုတ် ၂၄ ရက်က ဂျပန်နိုင်ငံ၌ စတင်ကျင်းပရာ မြန်မာ ယူ-၁၂ အသင်းသည် အုပ်စုပထမနေ့တွင် စပိန်ထိပ်သီးကလပ် ဘာစီလိုနာ ယူ-၁၂ အသင်း၊ ဂျပန်ကလပ် JEF United Ichihara Chiba ယူ-၁၂ အသင်းတို့ကို ရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၁၂ အသင်းသည် ပထမနေ့တွင် အုပ်စုပွဲစဉ်နှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ရပြီး ပထမပွဲတွင် စပိန်နာမည်ကြီးကလပ် ဘာစီလိုနာ ယူ-၁၂ အသင်းကို လေးဂိုး-ဂိုးမရှိ၊ ဒုတိယပွဲတွင် ဂျပန်ကလပ် JEF United Ichihara Chiba ယူ-၁၂ အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဩဂုတ် ၂၅ ရက် **(ယနေ့)** တွင် ဂျပန်ကလပ် Daiwa House Dream ယူ-၁၂ အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စု (C) တွင် ပါဝင်နေပြီး ပြိုင်ပွဲဝင်ကစားသမားများကို လူရွေးပွဲများကျင်းပ၍ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အသင်းစုစုပေါင်း ၃၂ သင်း ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိပြီး လေးသင်းရှစ်အုပ်စုခွဲ၍ ကျင်းပနေခြင်းဖြစ်သည်။ ပြိုင်ပွဲဝင်အသင်းများတွင် စပိန်ထိပ်သီးကလပ် ဘာစီလိုနာ ယူ-၁၂ အသင်း၊ ဘာစီလိုနာအကယ်ဒမီအသင်း၊ အီတလီထိပ်သီးကလပ် ဂျူဗင်တပ်စ် ယူ-၁၂ အသင်း၊ ဂျပန်နှင့် တရုတ်ကလပ်အသင်းများ၏ ယူ-၁၂ အသင်းများ ပါဝင်ယှဉ်ပြိုင်နေပြီး အရှေ့တောင်အာရှမှ မြန်မာတစ်သင်းတည်းသာ ဖိတ်ကြားခံရခြင်းဖြစ်သည်။

**ရဲရင့်လွင်**

# ဖူကူရှီးမား ဒိုင်အိချိ နျူကလီးယားဓာတ်အားပေးစက်ရုံမှ ရေဆိုးများ စွန့်ထုတ်မှုစတင်

**တိုကျို ဩဂုတ် ၂၄**

တိုကျိုလျှပ်စစ်စွမ်းအင်ကုမ္ပဏီသည် ဖူကူရှီးမား ဒိုင်အိချိ နျူကလီးယားဓာတ်အားပေးစက်ရုံမှ သန့်စင်ထားသော စွန့်ပစ်ရေများကို သမုဒ္ဒရာထဲသို့ ယနေ့ စတင်ထုတ်လွှတ်လိုက်ပြီဖြစ်သည်။

ထိုသို့လုပ်ဆောင်ခြင်းသည် ငလျင်နှင့် ဆူနာမီကြောင့် ပျက်စီးခဲ့ရပြီးနောက် ၁၂ နှစ်ကျော်အကြာတွင် အဆိုပါစက်ရုံကို ဖျက်သိမ်းရန်အတွက် မဖြစ်မနေလုပ်ဆောင်ရန် လိုအပ်သော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ဂျပန်အစိုးရက ပြောကြားသည်။

ထိုသို့ မစွန့်ထုတ်မီ စီစဉ်ထားသည့်အတိုင်း ရေများကို သန့်စင်ထားပြီးဖြစ်ကြောင်း အတည်ပြုပြီးနောက် လုပ်ငန်းအဆင့်ဆင့်ကို ဆက်လက်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း စက်ရုံဘက်မှ ပြောကြားသည်။ ဖူကူရှီးမား ဒိုင်အိချိအဏုမြူဓာတ်ပေါင်းဖိုသည် ၂၀၁၁ ခုနှစ်ကစပြီး နျူကလီးယားအရည်ပျော်မှုဖြစ်စဉ် သုံးကြိမ်ဖြစ်ပေါ်ခဲ့သည်။ ထိုအချိန်မှစ၍ စက်ရုံရှိ လောင်စာများကို အအေးခံရန် အသုံးပြုသောရေသည် မိုးရေနှင့် မြေအောက်ရေတို့ ရောစပ်ပြီး ထုထည်ပမာဏ ပိုမိုများပြားလာခဲ့သည်။

ယခုစွန့်ထုတ်လိုက်သည့် ရေများတွင် ရေဒီယိုသတ္တိကြွပစ္စည်းအများစုကို ဖယ်ရှားပြီးဖြစ်သော်လည်း ထရိုင်တီယမ် ပါဝင်နေသေးသည်။ မစွန့်ထုတ်မီတွင် သောက်သုံးရေအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လမ်းညွှန်ချက်၏ ခုနစ်ပုံတစ်ပုံခန့်အထိ သန့်စင်အောင် လျှော့ချပြီးဖြစ်ကြောင်း စက်ရုံဘက်မှ ပြောကြားထားသည်။

ထို့နောက် စွန့်ပစ်ရေများကို ပင်လယ်ကြမ်းပြင်အောက်ရှိ ဥမင်လိုဏ်ခေါင်းတစ်ခုမှတစ်ဆင့် ပေးပို့ပြီး ကမ်းရိုးတန်းမှ ၁ ကီလိုမီတာအကွာတွင် စွန့်ပစ်မည်ဖြစ်သည်။ ပထမအကြိမ်လုပ်ငန်းစဉ်သည် ၁၇ ရက်ခန့် ကြာမြင့်မည်ဖြစ်ပြီး စွန့်ပစ်ရေတန်ချိန် ၇၈၀၀ ခန့် ထွက်ရှိမည်ဖြစ်သည်။ ထိုသို့ နျူကလီးယား ဓာတ်အားပေးစက်ရုံ ဖျက်သိမ်းခြင်း လုပ်ငန်းစဉ်များအားလုံးပြီးစီးရန် အနည်းဆုံး နှစ် ၃၀ ခန့်ကြာမည်ဟု ခန့်မှန်းရသည်။

**အန်အိတ်ချ်ကေ**



# ဂျပန်သံရုံးအတွင်းသို့ ဝင်ရောက်ရန်ကြိုးပမ်းမှုဖြင့် တောင်ကိုရီးယားကျောင်းသား ၁၆ ဦး ဖမ်းဆီးခံရ

**ဆိုးလ် ဩဂုတ် ၂၄**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ ဂျပန်သံရုံးအတွင်းသို့ ဝင်ရောက်ရန် ကြိုးပမ်းမှုဖြင့် တောင်ကိုရီးယားတက္ကသိုလ် ကျောင်းသား ၁၆ ဦးကို ရဲများက ဩဂုတ် ၂၄ ရက်တွင် ဖမ်းဆီးခဲ့သည်ဟု သိရသည်။




ဂျပန်နိုင်ငံက နျူကလီးယားညစ်ညမ်းမှုများပါဝင်နေသည့် စွန့်ပစ်ရေကို သမုဒ္ဒရာအတွင်းသို့ သွန်ချသည်ကို မကျေနပ်၍ တောင်ကိုရီးယားကျောင်းသားများ ဆန္ဒပြစဉ်။

ယင်းနေ့အစောပိုင်းတွင် ဂျပန်နိုင်ငံက နျူကလီးယားညစ်ညမ်းမှုများပါဝင်နေသည့် စွန့်ပစ်ရေကို သမုဒ္ဒရာအတွင်းသို့ သွန်ချခြင်း ပြုလုပ်ခဲ့ရာ ယင်းအစီအစဉ်ကို မကျေနပ်သဖြင့် ဆန္ဒပြရာမှ ယခုလို ဖြစ်ရပ်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီက ဖူကူရှီးမား ဒိုင်အိချီနျူကလီးယားဓာတ်အားပေးရုံမှ ရေဒီယိုသတ္တိကြွ စွန့်ပစ်ရေများ ပထမအသုတ်အဖြစ် ပစိဖိတ်သမုဒ္ဒရာထဲသို့ သွန်ချခြင်း စတင်ပြုလုပ်ခဲ့သည်။

ယင်းသို့ ပြုလုပ်ပြီးနောက် ကျောင်းသားများက ဂျပန်သံရုံးအတွင်းသို့ ဝင်ရောက်ရန် ကြိုးပမ်းကြခြင်းဖြစ်သည်ဟု ယွန်ဟတ်သတင်းအေဂျင်စီတွင် ဖော်ပြထားသည်။ ကျောင်းသားများသည် အဆိုပါကိစ္စကို ဆန့်ကျင်ကြောင်း ကြွေးကြော်ခဲ့ကြပြီး ဆိုးလ်မြို့လယ်ရှိ အဆောက်အအုံ၏ ရှစ်ထပ်တွင်ရှိသော သံရုံးအတွင်း ဝင်ရောက်ရန် ကြိုးပမ်းကြသည်။ ၎င်းတို့ကို ရဲစခန်းလေးခုတွင် ဖမ်းဆီးထိန်းသိမ်းထားပြီး သံရုံးအတွင်းသို့ ကျူးကျော်ဝင်ရောက်မှုနှင့် ဆန္ဒပြမှုဥပဒေကိုချိုးဖောက်မှုတို့အတွက် စွဲချက်တင်ထားသည်။ ရဲတပ်ဖွဲ့မှ လူစုခွဲခြင်းမပြုမီက ကျောင်းသား ၄၀ ခန့်သည် ရေဒီယိုသတ္တိကြွ စွန့်ပစ်ရေများ သမုဒ္ဒရာအတွင်းသို့ စွန့်ပစ်မှုနှင့် ပတ်သက်၍ ဆန့်ကျင်ကြောင်း ဂျပန်သံရုံးအနီးတွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ကြသည်။

**ဆင်ဟွာ**

# တူကီယဲနိုင်ငံအနောက်ပိုင်း၌ နှစ်ပေါင်း ၈၂၀၀ သက်တမ်းရှိ ရေလမ်းကြောင်းတစ်ခု တူးဖော်တွေ့ရှိ

**အစ္စတန်ဘူလ် ဩဂုတ် ၂၄**

ရှေးဟောင်းသုတေသန ပညာရှင်များသည် လူ့သမိုင်းတွင် ရှေးအကျဆုံး ရေလမ်းကြောင်းများထဲမှ တစ်ခုဖြစ်သည့် လွန်ခဲ့သည့် နှစ်ပေါင်း ၈၂၀၀ ခန့်က ရေလမ်းကြောင်းတစ်ခုကို တူကီယဲနိုင်ငံ အနောက်ပိုင်းတွင် တူးဖော်တွေ့ရှိခဲ့ကြောင်း ဒေသတွင်း ဒယ်မီရိုရင် သတင်းဌာနက ဩဂုတ် ၂၄ တွင် ဖော်ပြခဲ့သည်။

တူကီယဲနိုင်ငံ အေးဂျီးယန်းဒေသရှိ အဇ္ဇမီယာပြည်နယ်ရှိ ရယ်စီလိုဗာတောင်ကုန်းတွင် တူးဖော်ရာတွင် ရှေးခေတ်ရေလမ်းကြောင်းကို တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

အဇ္ဇမီယာပြည်နယ်၌ ပထမဆုံး လူများအခြေချနေထိုင်သည့် ကျေးရွာသည် ရယ်စီလိုဗာတောင်ကုန်းဝန်းကျင်တွင်တည်ရှိပြီး အဆိုပါကျေးရွာအလယ်မှ ဖြတ်သန်းသည့် ၆ ဒသမ၅ မီတာ အကျယ်၊ မီတာ ၂၂၀ အရှည်ရှိ ရေလမ်းကြောင်းတစ်ခုကို တွေ့ရှိခဲ့ကြောင်း အေ့ဂျ်တက္ကသိုလ် မှတ္တဲဖက်ပါမောက္ခနှင့် တူးဖော်ရေးအဖွဲ့၏ အကြီးအကဲဖြစ်သူ ဇဖာဒဲရင်းက ပြောကြားသည်။

ရှေးဟောင်းသုတေသနပညာရှင်များသည် တူးမြောင်းအတွင်းပိုင်းတွင် ကျောက်စရစ်ခဲများဖြင့် ပြည့်နှက်နေသောကြောင့် ယင်း၏အစိတ်အပိုင်း အနည်းငယ်ကိုသာ တူးဖော်နိုင်ခဲ့ပြီး အဆိုပါရေလမ်းကြောင်းကို မျိုးဆက်လေးဆက်ခန့် အသုံးပြုခဲ့ကြောင်းနှင့် တူးဖော်မှုများကိုလည်း ဆက်လက်လုပ်ဆောင်နေကြောင်း ဒဲရင်းက ပြောကြားသည်။ **ဆင်ဟွာ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးကြောင့် သေဆုံးသူ ၅၀၀ ကျော်ရှိ

**ဒါကာ ဩဂုတ် ၂၄**

တောင်အာရှ နိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်တွင် ယခုနှစ်အတွင်း ခြင်မှ ပေါက်ပွားသော သွေးလွန်တုပ်ကွေးဖြစ်ပွားမှု စံချိန်တင်များပြားခဲ့ပြီး သွေးလွန်တုပ်ကွေးကြောင့် သေဆုံးသူ ၅၀၀ ကျော်ရှိပြီဟု ဩဂုတ် ၂၃ ရက်တွင် မှတ်တမ်းတင်ခဲ့သည်။

ဩဂုတ် ၂၃ ရက်အတွင်း သွေးလွန်တုပ်ကွေးကြောင့် ၁၃ ဦး သေဆုံးခဲ့သည်ဟု ကျန်းမာရေးဝန်ဆောင်မှု ညွှန်ကြားရေးမှူးရုံး၏ အချက်အလက်များအရ သိရသည်။ ဩဂုတ် ၂၃ ရက်အတွင်း သွေးလွန်တုပ်ကွေးကြောင့် ဆေးရုံတက်ရသူ ၂၀၇၀ ရှိသည်ဟု သိရသည်။ ယခုနှစ်အတွင်း အဆိုပါရောဂါကြောင့်သေဆုံးသူ ၅၀၆ ဦးရှိပြီး ၁၀၆၄၂၉ ဦး ကူးစက်ခံရသည်။

၂၀၀၀ ပြည့်နှစ် ဘင်္ဂလားဒေ့ရှ်တွင် ကူးစက်မှုအများဆုံးအဖြစ် စံချိန်တင်ပြီးနောက် ယခုနှစ်သည် သွေးလွန်တုပ်ကွေးကြောင့် အသေအပျောက် အများဆုံးဖြစ်သည်။ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားပြီးဆေးရုံမှဆင်းသွားသူ ၉၈၀၉၈ ဦးရှိသည်ဟု ကျန်းမာရေးဝန်ဆောင်မှု ညွှန်ကြားရေးမှူးရုံး၏အချက်အလက်များအရ သိရသည်။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ၌ မြေပြိုမှုကြောင့် အဆောက်အအုံပြိုကျမှုဖြစ်ပွား

**နယူးဒေလီ ဩဂုတ် ၂၄**

အိန္ဒိယနိုင်ငံမြောက်ပိုင်း တောင်ကုန်းထူထပ်သည့် ပြည်နယ် ဟီမာချယ် ပရာဒေ့ရှ်တွင် ဩဂုတ် ၂၄ ရက်က မြေပြိုမှုကြီးဖြစ်ပွားခဲ့ပြီး သေဆုံးသူ ရှိ မရှိ မသိရသေးကြောင်း အစိုးရအဆင့်မြင့်အရာရှိတစ်ဦးက အတည်ပြုပြောကြားခဲ့သည်။

မြေပြိုမှုကြီးကြောင့် အဆောက်အအုံအချို့ ပြိုကျမှုဖြစ်ပွားခဲ့ပြီး အဆောက်အအုံအချို့ကို လူနေထိုင်ရန်မသင့်ဟု ကြေညာခဲ့ကြောင်း ခရိုင်အတွင်းရှိ အန်နီမြို့ ခရိုင်တရားသူကြီး အက်ရှ်ဝင်နီကူမားက ပြောသည်။



ကူလူမြို့၌ မြေပြိုမှုကြောင့် အဆောက်အအုံပြိုကျနေမှုကို တွေ့ရစဉ်။

ပြီးခဲ့သည့် သီတင်းပတ်တွင် ပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ကြုံတွေ့ခဲ့သည်။ ယခုလအတွင်း မိုးရွာမှုနှင့် ဆက်စပ်၍ မတော်တဆမှုကြောင့် လူ ၈၀ ကျော် သေဆုံးမှုဖြစ်ပေါ်ခဲ့သည်။ အိမ်များ၊ စာသင်ကျောင်းများနှင့် ရထားလမ်းများမှာ တစ်စိတ်တစ်ပိုင်း ပျက်စီးခြင်း သို့မဟုတ် လုံးဝပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

ကူလူနှင့် မန်နာလီကို ဆက်သွယ်ထားသည့် အဓိကလမ်းများလည်း ပျက်စီးခဲ့သည့်အတွက် ရာနှင့်ချီသည့် မော်တော်ယာဉ်များ နာရီပေါင်းများစွာ ကြာအောင် စောင့်ဆိုင်းခဲ့ရသည်။

**ဆင်ဟွာ**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကျပ် ရစ်ဘီလီယံဖြင့် ကျေးရွာများ၌ လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်ရေးဆွေးနွေး

မြစ်ကြီးနား ဩဂုတ် ၂၄

ကချင်ပြည်နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကျပ် ရစ်ဘီလီယံဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် သမဝါယမလုပ်ငန်းစီမံကိန်းများတွင် ရင်းနှီးမတည် ပေးခဲ့ရာ အဆိုပါလုပ်ငန်းစီမံကိန်းများအလိုက် ချေးငွေထုတ်ချေးပေးခဲ့သည့် ကာလအပေါ်မူတည်၍ ပထမခြောက်လ အတိုးငွေကောက်ခံရရှိမှုအပေါ် ကျေးရွာများတွင် လုပ်ငန်းကဏ္ဍအလိုက် ထပ်မံ ရင်းနှီးမတည်ပေးနိုင်ရေးအတွက် ဩဂုတ် ၂၃ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ဆွေးနွေးသည်။



ထိုသို့ ညှိနှိုင်းဆွေးနွေးရာတွင် ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကျပ် ရစ်ဘီလီယံကို ထုတ်ချေးပေးထား နိုင်ခဲ့ပြီး ယခုအခါတွင် ပထမခြောက်လပြည့် အတိုး ရငွေများကိုလည်း ကောက်ခံရရှိပြီဖြစ်သောကြောင့် မိမိတို့အနေဖြင့် အတိုးရငွေများမှ လုပ်ငန်းစီမံကိန်း များ ထပ်မံတိုးချဲ့နိုင်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးမှု တိုးတက်မြင့်မားစေရေးငွေများ ကို ထပ်မံရင်းနှီး မတည်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။ (ဝဲပုံ)

ယင်းနောက် ပြည်နယ်အဆင့် ကျေးရွာစီမံကိန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်စီးပွားရေးရာ ဝန်ကြီး ဦးမျိုးဆွေက ရန်ပုံငွေကျပ် ရစ်ဘီလီယံမှ ရင်းနှီးမတည်ပေးခဲ့သည့် လုပ်ငန်းစီမံကိန်းများ၊ ကာလအလိုက် အတိုးငွေရရှိမှုအခြေအနေများ၊ ထပ်မံရင်းနှီးမတည်ပေးနိုင်ရေး ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းနှင့်အညီ အလေးထားလိုက်နာ ဆောင်ရွက် ရမည့် အမိန့်ညွှန်ကြားချက်များကို ရှင်းလင်းပြီး တက်ရောက်လာကြသည့် ကော်မတီအဖွဲ့ဝင်များနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နိုင်ငံ့ စီးပွားမြှင့်တင်ရေး ရန်ပုံငွေကျပ် ရစ်ဘီလီယံကို ပြည်နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာစုစုပေါင်း ၂၀၃ ခုတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သမဝါယမ လုပ်ငန်းစီမံကိန်း စုစုပေါင်း ၁၉၁ ခုတို့အတွက် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှ စတင်ထုတ်ချေးပေးခဲ့ရာ ၂၀၂၃ ခုနှစ် ဧပြီလတွင် ရန်ပုံငွေအားလုံး ထုတ်ချေးပေးနိုင်ခဲ့ ပြီး ယခုအစည်းအဝေးတွင် ပထမခြောက်လပြည့် ဇူလိုင်လအထိ အတိုးကောက်ခံရရှိငွေ စုစုပေါင်း ငွေကျပ်သိန်း ၂၀၈ ဒသမ ၈၀ မှ လုပ်ငန်းစီမံကိန်း ခြောက်ခုတွင် ထပ်မံရင်းနှီး မတည်ပေးမည် ဖြစ်ကြောင်းနှင့် နောက်ထပ်ကောက်ခံရရှိသည့် အတိုးငွေများကိုလည်း စီမံကိန်းလုပ်ငန်းများ တိုးချဲ့ လည်ပတ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

ပြည်နယ်(ပြန်/ဆက်)

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဒေသတွင်းကုန်ထုတ်လုပ်ငန်းများ အဆင့်မြှင့်တင်ပေးနိုင်ရေး ဦးစားပေးဆောင်ရွက်

ပဲခူး ဩဂုတ် ၂၄

**ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့်အတူ ဩဂုတ် ၂၃ ရက် မွန်းလွဲပိုင်းက ဒေသတွင်းကုန်ထုတ်လုပ်ငန်းများ အဆင့်မြှင့်တင်ပေးနိုင်ရေး ဦးစားပေး ဆောင်ရွက်နိုင်ရန် ကွင်းဆင်းဆောင်ရွက်ပေးသည်။**



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့နယ် ရွာသစ်ကိုင်းတာ ကျေးရွာသို့ရောက်ရှိခဲ့ပြီး သံရည် ကျိုလုပ်ငန်းရှင်များ၊ သင်တန်း သားများနှင့်တွေ့ဆုံကာ ကျေးလက် နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ် အကိုင်အခွင့်အလမ်း ရရှိစေရေး ရည်ရွယ်၍ ယခုလို သံရည်ကျို ပုံသွန်းလောင်းသင်တန်း ဖွင့်လှစ် ပေးရခြင်းဖြစ်ပြီး သံရည်ကျိုခြင်း၊ ပုံလောင်းခြင်းများကို ခေတ်မီ နည်းစနစ်များဖြင့် လုပ်ကိုင် ဆောင်ရွက်နိုင်စေရေး သင်ကြား ပို့ချပေးသွားမည်ဖြစ်၍ သေချာ လေ့လာ မှတ်သားစေလိုကြောင်း၊ MSMEs လုပ်ငန်းများ အရှိန် အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေး၊ ပဲခူးတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွား ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် ရေးအေဂျင်စီမှ ကဏ္ဍအလိုက် လိုအပ်ချက်များအား ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည် ဖြစ် ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးလက်သက်မွေး စီးပွား ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (RBF) ရန်ပုံငွေအား လွှဲပြောင်း ပေးအပ်ပြီး စက်မှုဝန်ကြီးဌာန အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း မှ သင်တန်းနည်းပြများအား ထောက်ပံ့ငွေများ ပေးအပ်သည်။ ယင်းနောက် သံရည်ကျိုပုံသွန်း လောင်းမည့် နမူနာပုံစံများကို ကြည့်ရှုစစ်ဆေးကြသည်။ (ယာပုံ)

ပဲခူးမြို့နယ် ရွာသစ်ကိုင်းတာ ကျေးရွာတွင် သံရည်ကျိုလုပ်ငန်း ၁၈ ခုမှ ပြည်တွင်းသုံးကုန်နှင့် ပြည်ပပို့ကုန်များ ထုတ်လုပ်လျက် ရှိပြီး ယခုဖွင့်လှစ်သည့် သင်တန်း မှရရှိလာသည့် အဆင့်မြင့်နည်း ပညာများဖြင့် ထုတ်လုပ်သွားပါက ပြည်ပပို့ကုန်များ အရည်အသွေး ပြည့်မီစွာ ပိုမိုထုတ်လုပ်လာနိုင် ခြင်း၊ ဈေးကွက်တိုးချဲ့ရရှိလာနိုင် ခြင်း၊ တီထွင်ဆန်းသစ်မှုများ ပိုမိုသိရှိလာနိုင်ခြင်းအပြင် ဒေသ တွင်းလူငယ်များအား နည်းပညာ များ ဖြန့်ဝေပေးနိုင်ခြင်းတို့ဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက် ရရှိနိုင်မည်ဖြစ် ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွာသစ် ကျေးရွာ၌ မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံ ငွေဖြင့် ဆောင်ရွက်ထားသော Green House ဖြင့် စားဖိုဆောင် သီးနှံများ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများ အတွက် သဘာဝမြေဩဇာအိတ် များ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့နယ် သမန်းကုန်းကျေးရွာ တောင်သူ ဦးမြင့်အောင်၏ ရက် ၉၀ မိုးစပါး မျိုးစေ့ထုတ်စိုက်ခင်း စုပေါင်း ခတ်မြေဩဇာ ကြဲပက်နေမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရ သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ညှင်းသွန်း-ဘွဲ့-သရက်-မင်းလှလမ်းပေါ်၌ မြေထိန်းနံရံတည်ဆောက်ခြင်းဆောင်ရွက်

အထက်မင်းလှ ဩဂုတ် ၂၄

မကွေးတိုင်းဒေသကြီး မင်းလှ မြို့နယ်၌ မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက် နေပြည်သူများ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်စေရန် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ညှင်းသွန်း-ဘွဲ့- သရက်- မင်းလှလမ်းပေါ်တွင် ရေကျော်ချဉ်းကပ်လမ်း မြေထိန်း နံရံ တည်ဆောက်လျက်ရှိသည်။



အဆိုပါ လုပ်ငန်းဆောင်ရွက် ရာတွင် တိုင်းဒေသကြီး (ငွေလုံး ငွေရင်း) ရန်ပုံငွေဖြင့် ညှင်းသွန်း- ဘွဲ့-သရက်-မင်းလှလမ်းပေါ်တွင် ရေကျော်ချဉ်းကပ်လမ်း မြေထိန်း နံရံ ပေ ၁၈၀ တည်ဆောက်ခြင်း လုပ်ငန်းကို ဇူလိုင် ၁၅ ရက်က စတင် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၃ ရက်အထိ လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုမှာ ၈၅ ရာခိုင် နှုန်းဆောင်ရွက်ပြီးဖြစ်၍ လုပ်ငန်း ဆောင်ရွက်နေမှုများကို မြို့နယ် ကျေးလမ်း ဖွံ့ဖြိုးရေးဦးစီးဌာန တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်း များစံချိန်စံညွှန်းနှင့်အညီ အချိန်မီ ပြီးစီးနိုင်ရေး ကြီးကြပ်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

မင်းလှမြို့နယ်၌ ညှင်းသွန်း- ဘွဲ့- သရက်- မင်းလှလမ်းပေါ်ရှိ ရေကျော်ချဉ်းကပ်လမ်း မြေထိန်း နံရံ တည်ဆောက်ပြီးစီးပါက ကျေးလက်နေပြည်သူများလမ်းပန်း ဆက်သွယ်ရေး ပိုမိုအဆင်ပြေ ချောမွေ့လာမည်ဖြစ်ကြောင်း သိရ သည်။ ဇာဇာ(အထက်မင်းလှ)

# တောင်တွင်းကြီးမြို့နယ်၌ တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်း ရက်သတ္တပတ်ဆောင်ရွက်

တောင်တွင်းကြီး ဩဂုတ် ၂၄

မကွေးတိုင်းဒေသကြီး တောင်တွင်း ကြီးမြို့နယ် မွေးမြူရေးနှင့်ကုသ ရေးဦးစီးဌာနအနေဖြင့် ဩဂုတ် ၁၅ ရက်မှ ၂၁ ရက်အထိ “တိရစ္ဆာန် ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဆိုင်ရာရက်သတ္တပတ်” လှုပ်ရှားမှု များအဖြစ် သတ်မှတ်၍ မြို့နယ် အတွင်းရှိ တိရစ္ဆာန်များတွင် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ် ရေးလုပ်ငန်းများကို ဆောင်ရွက် လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာ စိုးမိုးဝင်းနှင့် ဝန်ထမ်းများက ကျေးရွာအုပ်စု ၁၀ အုပ်စုအတွင်း ရှိ ကျေးရွာ ၁၀ ရွာမှ မွေးမြူရေးခြံ များတွင် မွေးမြူထားသည့် ကျွဲ/ နွားပိုင်ရှင်များအား ခွာနာလျှာနာ ရောဂါ၊ အရေပြား အကျိတ်နာ ရောဂါ၊ အာဖရိကဝက်အပြင်း ဖျားရောဂါများနှင့် စပ်လျဉ်း၍ ပြည်သူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ ခြင်းနှင့်ကျွဲ/နွားများအားကာကွယ် ဆေးထိုးနှံခြင်း(**အောက်ပုံ**)၊ မွေးမြူ ရေးခြံများ ပိုးသတ်သန့်စင်ခြင်း၊ ရောဂါ စူးစမ်းလေ့လာခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေး လျက်ရှိကြောင်းသိရသည်။**ဇော်ဘီ**



# ရွှေဘိုမြို့၌ ကွန်ပျူတာ အခြေခံသင်တန်းဖွင့်

ရွှေဘို ဩဂုတ် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး ဖွင့်လှစ်သည့် ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၃)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၃ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဦးနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးမြမွန်တို့က သင်ကြားပို့ချပေးမည့် ဘာသာရပ်များနှင့် သင်တန်း စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းကာလ တစ်လကြာ ဖွင့်လှစ်၍ ရုံးစာ၊ ဖိုင်စာ၊ အထွေထွေ သိမှတ်စရာများ၊ Internet e-mail အသုံးပြုနည်း စသည့်ဘာသာရပ်များကို သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၂၃ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရ သည်။ ခရိုင်(ပြန်/ဆက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၂)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ

နေပြည်တော် ဩဂုတ် ၂၄

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၂) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၂၂ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ဗဟိုဘဏ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးအဆင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားကြသည်။**

*(ယမန်နေ့မှအဆက်)*

ဆက်လက်၍ **ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲဖြစ်သူ Mr.Martin Griffiths ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၏ မြန်မာနိုင်ငံအတွင်း တွေ့ဆုံဆွေးနွေးခဲ့မှုအခြေအနေများကို** ပြောကြားလိုပါကြောင်း၊ ယခုလ ၁၅ ရက်တွင် နိုင်ငံ့အကြီးအကဲနှင့် တွေ့ဆုံခဲ့ပါကြောင်း၊ တွေ့ဆုံစဉ်တွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့မှုအခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူများ လိုလားနေသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရန် ဆောင်ရွက်နေသည့် အခြေအနေများ၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်နေမှုများ၊ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်အတွက် လိုအပ်ချက်ရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ အခြေအနေအရပ်ရပ်နှင့်ပတ်သက်ပြီး သတင်းမှားများ ပျံ့နှံ့နေမှုနှင့် အခြေအနေမှန်များကို နိုင်ငံတကာကသိရှိရန် လိုအပ်သည့် အခြေအနေများ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါကြောင်း။

အဆိုပါကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အကြီးအကဲနှင့် တွေ့ဆုံခဲ့သည့်အပြင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးတို့နှင့်လည်း တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ပြင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ တွေ့ဆုံဆွေးနွေးမှုများတွင် မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများကို ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးမှုအခြေအနေ၊ မိတ်ဆွေနိုင်ငံများအပါအဝင် (UNOCHA)နှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေများ၊ လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် စိန်ခေါ်မှုများနှင့်ပတ်သက်ပြီး အသေးစိတ် အကျယ်တဝင့် ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ ခရီးစဉ်အတွင်း မြန်မာနိုင်ငံအတွက် ရလဒ်ကောင်းများကို ရယူနိုင်ခဲ့သည့် အောင်မြင်သည့် ခရီးစဉ်တစ်ခုဖြစ်ကြောင်း ထည့်သွင်းပြောကြားလိုပါကြောင်း ပြောကြားသည်။

မိမိအနေဖြင့် ဆွေးနွေးပြောကြားလိုသည်မှာ ယခုလောက်သာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်သူလူထု စိတ်ဝင်စားနေသည့် စီးပွားရေး၊ ဘဏ္ဍာရေးဆိုင်ရာအခြေအနေများကို သက်ဆိုင်ရာ ဝန်ကြီးဌာန တာဝန်ရှိသူများမှ ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

## ငွေရေးကြေးရေးကဏ္ဍ တည်ငြိမ်ရေး ဆောင်ရွက်ချက်များ

**ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာလင်းအောင်က** မိမိအနေဖြင့် ငွေရေးကြေးရေးကဏ္ဍ တည်ငြိမ်ရေးနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ မူဝါဒပိုင်းဆိုင်ရာဆောင်ရွက်ချက်များနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြပေးမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် အဓိက ရည်မှန်းချက်ဖြစ်သော ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှုရရှိရေးနှင့် နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုနှုန်း ရည်မှန်းချက်ရရှိစေရေး ဆောင်ရွက်ရာတွင် အတိုးနှုန်းမူဝါဒချမှတ်ခြင်း၊ အနည်းဆုံးသီးသန့်ငွေ လိုအပ်ချက်အချိုးသတ်မှတ်ခြင်းနှင့် လွတ်လပ်သော ဈေးကွက်ဆိုင်ရာ လုပ်ဆောင်ချက်များ ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ် နောက်ပိုင်းမှစ၍ အမေရိကန်နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများ၌ ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်ခဲ့ရာ ဖွံ့ဖြိုးပြီး နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ငွေကြေးဖောင်းပွမှုနှုန်းလျှော့ချနိုင်ရေးအတွက် အတိုးနှုန်းမြှင့်တင်မှုများ ၂၀၂၂ ခုနှစ် မေလမှစတင်၍ ဆောင်ရွက်ခဲ့ကြောင်း၊ အတိုးနှုန်းမြှင့်တင်ခြင်း မပြုဘဲ ဖြေလျှော့ဆောင်ရွက်သည့်နိုင်ငံများလည်းရှိကြောင်း၊ ဥပမာ- တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ လာအို၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ ဘရာဇီး၊ ရုရှား စသည့်နိုင်ငံများတွင် အတိုးနှုန်းကိုမမြှင့်တင်ဘဲ လျှော့ချခဲ့သည်ကို တွေ့ရကြောင်း။

## ငွေကြေးဖောင်းပွမှုနှုန်း အထိုက်အလျောက်မြင့်တက်

မိမိတို့မြန်မာနိုင်ငံ၌လည်း ငွေကြေးဖောင်းပွမှုနှုန်းများ အထိုက်အလျောက် မြင့်တက်လျက်ရှိကြောင်း၊ ထိုသို့မြင့်တက်ရခြင်းမှာ လုပ်ခလစာမြင့်တက်ခြင်း၊ ငွေကြေးပမာဏမြင့်တက်ခြင်းနှင့် ဝယ်လိုအားမြင့်တက်မှုများကြောင့်မဟုတ်ဘဲ သွင်းကုန်တန်ဖိုးတွက်ချက်ရာတွင် တန်ဖိုးသင့်သည့် ငွေလဲလှယ်နှုန်းများမြင့်တက်မှုကြောင့် သွင်းကုန်တန်ဖိုးများ မြင့်တက်ခြင်းဖြစ်ကြောင်း၊ ကုန်သွယ်မှုလိုငွေမြင့်မားခြင်းကြောင့် နိုင်ငံခြားငွေလိုအပ်ချက်များ များပြားလာရာမှတစ်ဆင့် ငွေလဲလှယ်နှုန်းများ မြင့်တက်လာခြင်းကြောင့် ကုန်စည်ဈေးနှုန်းများ မြင့်တက်လာရကြောင်း၊ စားသုံးသူဈေးဆနှုန်းကိန်း Consumer Price Index မြင့်တက်လာခြင်းကြောင့်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ငွေကြေးဖောင်းပွမှုနှုန်း လျှော့ချရာတွင် အတိုးနှုန်းမြှင့်တင်သော နည်းလမ်းကို ဆောင်ရွက်မည်ဆိုပါက နိုင်ငံအနေဖြင့် မေခရိုစီးပွားရေးအခြေခံအားနည်းသည့်အတွက် နိုင်ငံ၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် အတိုးနှုန်းမြှင့်တင်ခြင်းကို ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ထိုနည်းတူစွာ စီးပွားရေးတိုးတက်မှုကို တွန်းအားပေးဆောင်ရွက်ရန် လိုအပ်သောကြောင့် အတိုးနှုန်းမြှင့်တင်ခြင်းကို ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း၊ သို့သော်လည်း နိုင်ငံ၏စီးပွားရေးတိုးတက်မှု မေခရိုစီးပွားရေးအခြေအနေအပေါ်မူတည်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုပြီး အတိုးနှုန်းပြင်ဆင်ခြင်းကို လိုအပ်သလို ဆောင်ရွက်သွားရန်ရှိကြောင်း။

> **“မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ငွေကြေးဖောင်းပွမှုနှုန်း လျှော့ချရာတွင် အတိုးနှုန်းမြှင့်တင်သောနည်းလမ်းကို ဆောင်ရွက်မည်ဆိုပါက နိုင်ငံအနေဖြင့် မေခရိုစီးပွားရေးအခြေခံအားနည်းသည့်အတွက် နိုင်ငံ၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေမည်ဖြစ်၊ ထို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် အတိုးနှုန်းမြှင့်တင်ခြင်းကို ဆောင်ရွက်ခဲ့ခြင်းမရှိ၊ မြန်မာနိုင်ငံတွင်လည်း ထိုနည်းတူစွာ စီးပွားရေးတိုးတက်မှုကို တွန်းအားပေးဆောင်ရွက်ရန် လိုအပ်သောကြောင့် အတိုးနှုန်းမြှင့်တင်ခြင်းကို ဆောင်ရွက်ခဲ့ခြင်းမရှိ၊ သို့သော်လည်း နိုင်ငံ၏စီးပွားရေးတိုးတက်မှု မေခရိုစီးပွားရေးအခြေအနေအပေါ်မူတည်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုပြီး အတိုးနှုန်းပြင်ဆင်ခြင်းကို လိုအပ်သလို ဆောင်ရွက်သွားရန်ရှိ”**

ဘဏ်လုပ်ငန်းကဏ္ဍ၏ ငွေကြေးအခြေအနေမှာ ၂၀၂၂ ခုနှစ် အောက်တိုဘာလနောက်ပိုင်းတွင် ကောင်းမွန်လာခြင်းကြောင့် ငွေကြေးဖောင်းပွမှုနှုန်းကို သွယ်ဝိုက်သောနည်းဖြင့် ထိန်းချုပ်နိုင်ရန် ဘဏ်များတွင် မြန်မာကျပ်ငွေဖြင့်ထားရှိရမည့် အနည်းဆုံးသီးသန့်ငွေ အချိုးသတ်မှတ်ချက် ၃ ရာခိုင်နှုန်းမှ ၃ ဒသမ ၅ ရာခိုင်နှုန်းကို တိုးမြှင့်သတ်မှတ်ပေးခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ် မေလတွင် ယင်းကိစ္စကို ဆောင်ရွက်ခဲ့ပြီး တစ်ဖက်တွင်လည်း ဘဏ်များ၏ လုပ်သာကိုင်သာရှိစေရန် ဘဏ်များအနေဖြင့် ဗဟိုဘဏ်တွင်ထားရှိသည့် စာရင်းရှင်အပ်ငွေစာရင်းများရှိကြောင်း၊ စာရင်းရှင်အပ်ငွေများထားရှိရမည့် အနည်းဆုံးသီးသန့်ငွေအချိုး သတ်မှတ်ချက်ထက် ကျော်လွန်သော ပိုလျှံသီးသန့်ငွေအပေါ် အတိုးပေးခြင်းကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစပြီး ဆောင်ရွက်ပေးခဲ့ကြောင်း၊ လက်ရှိတွင် ဘဏ်များ၏ ငွေကြေးလည်ပတ်မှု အခြေအနေကောင်းမွန်ပြီး ငွေထုတ်သူများအား ကန့်သတ်ချက်များ ဖြေလျှော့ပြီး လက်ရှိတွင် ဆောင်ရွက်ပေးနေကြောင်း။

## ရည်ညွှန်းငွေလဲလှယ်နှုန်းဖြင့် ပြန်လည်ရောင်းချပေးခြင်း

ထို့ပြင် လောင်စာဆီဈေးနှုန်းများ မြင့်တက်မှုမှတစ်ဆင့် ကုန်စည်ဈေးနှုန်းများမြင့်တက်ခြင်း မဖြစ်ပေါ်စေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် စက်သုံးဆီနှင့် စားသုံးဆီတင်သွင်းသော သွင်းကုန်လုပ်ငန်းရှင်များ၏ နိုင်ငံခြားငွေလိုအပ်ချက်များကို အထိုက်အလျောက် ဖြည့်ဆည်းပေးနိုင်ရန် ပို့ကုန်ရငွေများ၏ ၅၀ ရာခိုင်နှုန်း ရည်ညွှန်းငွေလဲလှယ်နှုန်းဖြင့် ပြန်လည်ရောင်းချပေးခြင်းများ ဆောင်ရွက်ပေးကြောင်း၊ သွင်းကုန်တန်ဖိုးကြီးမြင့်မှုမှတစ်ဆင့် ငွေကြေးဖောင်းပွနှုန်း မြင့်တက်ခြင်း မဖြစ်ပေါ်စေရန်ရည်ရွယ်ပြီး သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံခြားငွေလိုအပ်ချက်များကို သက်သာသောငွေလဲလှယ်နှုန်းဖြင့် ဝယ်ယူနိုင်စေရန်၊ ဘဏ်များမှတစ်ဆင့် နိုင်ငံခြားငွေရောင်းချသော စီးပွားရေးလုပ်ငန်းရှင်များနှင့် ဝယ်ယူသူများအကြား Matching ပြုလုပ်ပေးသော Online Trading စနစ်တစ်ရပ်ကိုလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ဦးဆောင်မှုဖြင့် ၂၀၂၃ ခုနှစ် ဇွန် ၂၂ ရက်မှစတင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မျှတမှန်ကန်သည့်ရောင်းဝယ်မှုဖြစ်စေရန် Criteria များ သတ်မှတ်ပေးထားကြောင်း၊ Criteria များအရ စိစစ်ပြီး အရောင်းအဝယ်ပြုရမည့် ကုမ္ပဏီများ၊ အရောင်းအဝယ်ပြုရမည့်ပမာဏ၊ ငွေလဲလှယ်နှုန်း အစရှိသည်တို့ကို ဗဟိုဘဏ်နှင့် ဘဏ်များ ညှိနှိုင်းပြီး ဆုံးဖြတ်ပေးလျက်ရှိကြောင်း၊ Exporter နှင့် နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိသူများမှ ဝင်ရောက်ရောင်းချနိုင်ပြီး Importer များနှင့် Non –Trade အတွက် ပြည်ပကို နိုင်ငံခြားငွေလွှဲပြောင်းရန်ရှိသူများမှ ဝင်ရောက်ဝယ်ယူနိုင်ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် လိုင်စင်ချထားပေးပြီးဖြစ်သော ကုန်စည်တင်သွင်းသူများအနေဖြင့် ပြည်ပသို့ငွေပေးချေရာတွင် လိုအပ်သော နိုင်ငံခြားငွေဝယ်ယူရရှိရေးအတွက် ဗဟိုဘဏ်မှ စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ထို့ပြင် လိုအပ်ပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် စားသုံးဆီနှင့် သွင်းကုန်လုပ်ငန်းများအား အမေရိကန်ဒေါ်လာ ရောင်းချပေးခြင်း၊ Back to Back SWAP Facility အသုံးပြုပြီးမှ အမေရိကန်ဒေါ်လာ လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်ပေးကြောင်း၊ တစ်နည်းအားဖြင့် ငွေလဲနှုန်းတည်ငြိမ်ရေးကို လိုအပ်သလို ဆောင်ရွက်ပြီး ထိန်းကျောင်းပေးလျက်ရှိကြောင်း။

## နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာ ညွှန်ကြားချက်များ

ငွေလဲလှယ်နှုန်းများတည်ငြိမ်စေရေးအတွက် နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာ ညွှန်ကြားချက်များထုတ်ပြန်ထားကြောင်း၊ ထိုအထဲမှ အချို့ကို ကောက်နုတ်ပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ငွေပေးချေမှုများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ဈေးနှုန်းသတ်မှတ်ရာတွင်လည်းကောင်း၊ မြန်မာကျပ်ငွေကိုသာ သုံးစွဲရန်ဖြစ်ကြောင်းကို လက်အောက်ခံအဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များကို ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေး ကော်မတီများမှတစ်ဆင့် မိမိတို့အနေဖြင့် အကြောင်းကြားထားကြောင်း၊ နိုင်ငံခြားငွေသားများကို မလိုအပ်ဘဲ ကိုင်ဆောင်ထားခြင်းမရှိစေရေးအတွက် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေနှင့်စည်းမျဉ်းများဖြင့်

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*
ကန့်သတ်ထားပြီး ပြည်တွင်း၌ နေထိုင်သူများအနေဖြင့် တရားဝင်နည်းလမ်းမှရရှိသော အမေရိကန်ဒေါ်လာတစ်သောင်းအထိ သို့မဟုတ် ယင်းနှင့်ညီမျှသောငွေထက် မပိုသော နိုင်ငံခြားငွေကို လက်ခံရရှိသည့်နေ့မှ ခြောက်လအတွင်း ကိုင်ဆောင်ခွင့်ပြုထားပြီး ခြောက်လထက်ကျော်သည့်အထိ အသုံးမပြုပါက နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်ရရှိသူများထံတွင် ဈေးကွက်ပေါက်ဈေးဖြင့် ရောင်းချလဲလှယ်ခြင်း သို့မဟုတ် ဘဏ်စာရင်းများသို့ ထည့်သွင်းခြင်းကို ဆောင်ရွက်ရန် သတ်မှတ်ချက်များ ထုတ်ပြန်ထားကြောင်း။

**အသေးသုံးနိုင်ငံခြားငွေသားရောင်းချပေးမည့် အစီအစဉ်များ**

နောက်တစ်ခုမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်နှင့်အညီ AD လိုင်စင်ရဘဏ်များမှ ဖွင့်လှစ်ထားသည့် Money Changer ကောင်တာများရှိကြောင်း၊ ယင်းကောင်တာများတွင်လည်း ပြည်ပကိုသွားရောက် အလုပ်လုပ်ကိုင်သူများ၊ ဆေးကုသရန်သွားရောက်မည့်သူများ၊ ပညာတော်သင်သွားရောက်မည့်သူများကို အသေးသုံးနိုင်ငံခြားငွေသားရောင်းချပေးမည့် အစီအစဉ်များကိုလည်း မိမိတို့အနေဖြင့် ၂၀၂၃ ခုနှစ် မေ ၃၁ ရက်စ၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ဘုရားဖူးသွားမည့်သူများ၊ ပြည်ပနိုင်ငံအစိုးရအသင်းအဖွဲ့များ၏ ဖိတ်ကြားချက်အရ အစည်းအဝေးတက်ရောက်မည့်သူများကိုလည်း ၂၀၂၃ ခုနှစ် ဩဂုတ် ၁၈ ရက်မှစ၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ဖွင့်လှစ်ထားသည့် AD လိုင်စင်ရဘဏ်များ၏ Money Changer ကောင်တာများတွင် တစ်ဦးလျှင် နိုင်ငံခြားငွေသား အမေရိကန်ဒေါ်လာ ၃၀၀ မှ ၅၀၀ အထိ ဝယ်ယူနိုင်ရေးစီစဉ်ပေးထားကြောင်း၊ နောက်တစ်ချက်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံတကာကတ်များဖြစ်သော Visa Card၊ Master Card၊ JCB၊ UPI ကတ်ထုတ်ဝေခြင်း၊ ကတ်လက်ခံခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ဘဏ်များသို့ ခွင့်ပြုပြီးဖြစ်ကြောင်း။

ပြည်ပသို့ သွားရောက်ကြမည့် မြန်မာနိုင်ငံသားများအနေဖြင့်လည်း Retail ငွေပေးချေမှုများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံပြင်ပတွင် အသုံးပြုသူများအဆင်ပြေစေရန် ကတ်အသုံးပြုခြင်းကို ခွင့်ပြုထားကြောင်း၊ ထို့ပြင် ကတ်အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံခြားငွေပေးချေသော USD Inflow နှင့် Outflow ထိန်းညှိနိုင်ရန်ကိစ္စ၊ နိုင်ငံခြားငွေ Outflow များ လျှော့ချနိုင်ရေးအတွက် ပြည်တွင်းဘဏ်များမှထုတ်ဝေထားသော International Credit Card များ၏ ပြည်တွင်းအသုံးပြုမှုကို မြန်မာကျပ်ငွေဖြင့် CBM-NET မှတစ်ဆင့် စာရင်းရှင်းလင်းမှုပြုလုပ်ပေးရန် ညွှန်ကြားထားကြောင်း၊ ဗီဇာကတ်အသုံးပြုမှုအတွက် ပေးချေမှုကို ယခင်က Nostro တွင်သာ စာရင်းရှင်းလင်းခဲ့သော်လည်း ၁၅-၈-၂၀၂၃ ရက်နေ့မှစပြီး AD လိုင်စင်ရပြည်တွင်းဘဏ်တစ်ခုတွင် Local Settlement Bank အဖြစ် သတ်မှတ်ပေးပြီး ဆောင်ရွက်ကာ CBM-NET မှတစ်ဆင့် စာရင်းရှင်းလင်းဆောင်ရွက်ခွင့်ပြုခဲ့ခြင်းများရှိကြောင်း။

**ပို့ကုန်ကုန်သွယ်မှုတွင် ယွမ်နှင့်ဘတ်တို့ဖြင့် ဆောင်ရွက်ခွင့်ပြု**

အမေရိကန်ဒေါ်လာလိုအပ်ချက်ကို လျှော့ချနိုင်ရေးအတွက် နယ်စပ်ကုန်သွယ်မှုသာမက ပို့ကုန်ကုန်သွယ်မှုတွင်ပါ ယွမ်နှင့်ဘတ်တို့ဖြင့် ဆောင်ရွက်ခွင့်ပြုခြင်း၊ နိုင်ငံတကာငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှု ပိုမိုလွယ်ကူစေရန် နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရဘဏ်များတွင် ထိုင်းဘတ်ငွေကို နိုင်ငံတကာငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုများ ဆောင်ရွက်နိုင်သည့်ငွေကြေးအဖြစ် သတ်မှတ်ခွင့်ပြုခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားငွေစီးဝင်မှု စီးထွက်မှုအခြေအနေများကို အမြဲလေ့လာဆန်းစစ်ပြီး ဈေးကွက်လိုလားချက်အရ ဖြစ်သင့်သည့် ငွေလဲလှယ်နှုန်းကိုလည်း အမြဲတမ်းစိစစ်သုံးသပ်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေကြေးဖောင်းပွမှုနှုန်းအား ထိန်းချုပ်နိုင်ရေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်နိုင်ရေးအတွက် တွန်းအားပေးလုပ်ဆောင်နေသည့်တိုင်အောင် ပြင်ပတွင် ဈေးနှုန်းများမြင့်တက်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မြင့်မားနေရခြင်းသည် ကုန်သွယ်မှုနှင့်ပတ်သက်သော မှောင်ခိုရောင်းဝယ်မှုများ၊ တရားမဝင်တင်ပို့မှုများကြောင့်ဖြစ်ကြောင်း၊ ဖြစ်သင့်ဖြစ်ထိုက်သော နိုင်ငံခြားငွေလဲလှယ်နှုန်းမဟုတ်ဘဲ နိုင်ငံခြားငွေလဲလှယ်နှုန်း မြင့်တက်စေရန်ရည်ရွယ်၍ ဈေးကစားနေခြင်းကြောင့်ဖြစ်ကြောင်း၊ သို့ဖြစ်၍ တရားမဝင် နိုင်ငံခြားငွေရောင်းဝယ်မှုများပပျောက်ရေး၊ ပို့ငွေရငွေများ သတ်မှတ်ချက်နှင့်အညီ ပြန်လည်ဝင်ရောက်ရေး၊ တရားမဝင်ကုန်သွယ်မှုများ တားဆီးရေး၊ Online Market Rate ဖြင့် Importer အမည်ခံပြီး နိုင်ငံခြားငွေဝယ်ယူ၍ တခြားသူများကို တရားမဝင်ဈေးဖြင့်ညှိနှိုင်းပြီး ရောင်းချခြင်းမျိုးများ မဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ကုန်သွယ်မှုလိုငွေများလျှော့ချနိုင်မှု သွင်းကုန်များကို ကန့်သတ်ခြင်း၊ သွင်းကုန်အစားထိုးပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ထုတ်လုပ်မှုတိုးမြှင့်နိုင်ရေးအတွက် သက်သာသော ချေးငွေများရရှိစေရန် ဆောင်ရွက်ပေးခြင်းများလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် တိုင်းပြည်စီးပွားရေးတိုးတက်မှုအခြေအနေ၊ စီးပွားရေးစနစ်အတွင်းရှိ ငွေကြေးပမာဏ၊ ဘဏ်လုပ်ငန်းကဏ္ဍ၏ ငွေကြေးအခြေအနေများကို စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိပြီး ဘဏ်လုပ်ငန်းကဏ္ဍတည်ငြိမ်ရေး၊ ငွေကြေးတည်ငြိမ်ရေး၊ ငွေလဲလှယ်နှုန်းတည်ငြိမ်ရေးတို့ကို ချိန်ဆဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိဂုံးချုပ်အနေဖြင့် အသိပေးပြောကြားလိုသည်မှာ ပြည်သူများအနေဖြင့် လတ်တလော လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ငွေကြေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ဖြစ်ပေါ်နေသော ကောလာဟလသတင်းများအပေါ် စိုးရိမ်ပူပန်မှုများ မဖြစ်ကြရန်နှင့် အခြေအမြစ်မရှိသောသတင်းများကိုမယုံကြည်ကြရန်၊ အခြေအမြစ်မရှိသည့် မမှန်သတင်းထုတ်ပြန်ခြင်းများကို သတိပြုကြရန်လိုအပ်ကြောင်း ပြောကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## ပလက်ဝမြို့နယ် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် Grade – 12 ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား အောင်ချက်မြင့်မားရေးဆိုင်ရာ အသိပညာပေးဟောပြော

**ပလက်ဝ ဩဂုတ် ၂၄**

ချင်းပြည်နယ် ပလက်ဝမြို့၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် Grade – 12 ဖြေဆိုမည့်ကျောင်းသား ကျောင်းသူများအား အောင်ချက်မြင့်မားစေရန် အသိပညာပေးဟောပြောခြင်းကို ယနေ့နံနက်က အ.ထ.က(၁) သဇင်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ခရိုင်ပညာရေးမှူး ဦးဝင်းအောင်က ဆရာ ဆရာမများသည် ပန်းခင်းဥယျာဉ်မှူးများဖြစ်ပြီး ပန်းပွင့်များလှပအောင် စိုက်ပျိုးပေးရန်လိုကြောင်း၊ ထူးချွန်ထက်မြက်သည့် ကျောင်းသား ကျောင်းသူများဖြစ်အောင် ကြိုးစားကြရန်နှင့် ထူးချွန်သူများအား နှစ်စဉ်ဆုများ အပ်နှင်းပေးလျက်ရှိကြောင်း၊ မြို့နယ်အဆင့်သာမက နိုင်ငံတော်အဆင့်အထိ ကြိုးစားကြစေလိုကြောင်း အသိပညာပေး ပြောကြားသည်။

ထို့နောက် ခရိုင်ဒုတိယရဲမှူးကြီး ထွန်းဝေနှင့် ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးတို့က ပလက်ဝမြို့ပေါ်နှင့် အနီးပတ်ဝန်းကျင် အ.ထ.က၊ အ.ထ.က(ခွဲ)ကျောင်းများမှ Grade – 12 ကျောင်းသား ကျောင်းသူများ အောင်ချက်မြင့်မားရေးအတွက် အသိပညာပေးဆောင်ရွက်မှုများ အပြန်အလှန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
စာတည်း
အကြီးတန်း - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊
သတင်းထောက်များ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း - ဝေသူနွယ်၊ ဇော်ပိုင်းအောင်၊ ခင်ဖြူထွေး
သတင်းထောက်များ
ဓာတ်ပုံ - တင်စိုး
သတင်းထောက်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် - သန်းထွန်းအောင်နှင့် အဖွဲ့
ဒီဇိုင်း
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄ - ၈ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၃၀ ကျပ် | ၂၄၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၀၅ ကျပ် | ၂၅၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၈၀ ကျပ် | ၂၃၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၉၅ ကျပ် | ၂၄၄၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ဧရာဝတီမြစ်ရေ ဆိပ်သာမြို့၌ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနေ

**နေပြည်တော် ဩဂုတ် ၂၄**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးလက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၄၀၀ | ၉၄၀၀ | ၁၉၉ | ၁၈၅၁၇၀၀ |
| MTSH | ၃၁၅၀ | ၃၂၀၀ | ၁၈၂၄ | ၅၈၃၅၇၅၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၇ | ၅၆၀၀၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၃၉၂ | ၆၆၆၄၀၀ |
| TMH | ၂၄၅၀ | ၂၄၅၀ | ၂၀ | ၄၉၀၀၀ |
| EFR | ၂၃၀၀ | ၂၃၀၀ | ၅၈၈ | ၁၃၅၂၄၀၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၁၉၀၀ | ၁၉၀၀ | ၁၀၁၁ | ၁၈၇၁၅၅၀ |

ညီညီ - စုစည်းသည်

# ရေဝတီမြစ်ရေတက်၍ ပန်းတောင်းမြို့နယ် ရွာသာယာကျေးရွာအတွင်း ရေများဝင်ရောက်



ပန်းတောင်း ဩဂုတ် ၂၄

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ရွာသာယာကျေးရွာအုပ်စု ရွာသာယာကျေးရွာတွင် ဧရာဝတီမြစ်ရေတက်မှုကြောင့် လူနေအိမ်ခြေများ၊ ရွာတွင်းလမ်းများသို့ ဩဂုတ် ၂၃ ရက်မှစ၍ မြစ်ရေများ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ (ယာပုံ)

အဆိုပါ ရွာသာယာကျေးရွာအုပ်စု ရွာသာယာကျေးရွာတွင် နေအိမ် ၁၁ လုံး၌ လူဦးရေ ၅၄ ဦး နေထိုင်ကြပြီး ရေဝင်ရောက်ခြင်းမှာ စိုးရိမ်ရသည့်အခြေအနေမရှိသေးသဖြင့် ကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့ရန် မလိုအပ်သေးကြောင်း သိရသည်။

ဆက်လက်၍ ဧရာဝတီမြစ်ရေ ဝင်ရောက်လာပါက အိမ်ထောင်စုများအား ရွာသာယာဘုန်းကြီးကျောင်း၌ ပြင်ဆင်ထားသည့် ကယ်ဆယ်ရေးစခန်းသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ တပ်ရင်းတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ ပြောင်းရွှေ့ပေးမည်ဖြစ်ကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)

## အမရပူရမြို့နယ်၌ မိုးရွာနေစဉ် နေအိမ် မီးလောင်မှုဖြစ်ပွားပြီး လူသုံးဦးသေဆုံး

အမရပူရ ဩဂုတ် ၂၄

မန္တလေး တိုင်းဒေသကြီး အမရပူရမြို့နယ် တောင်သမန်ကျေးရွာအုပ်စု အိုးဘိုကျေးရွာ၌ ဩဂုတ် ၂၂ ရက် ည ၁၁ နာရီခန့်က မိုးအနည်းငယ်ရွာနေစဉ် မီးလောင်မှု ဖြစ်ပွားပြီး လူသုံးဦး သေဆုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ အမရပူရမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ မန္တလေးခရိုင် ဗဟိုမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီး၊ ပြည်ကြီးတံခွန်မြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ အမရပူရမြို့နယ် ဒေသအရန်မီးသတ်စခန်းများမှ မီးငြိမ်းသတ်ယာဉ် ခုနစ်စီး၊ မီးသတ်ရေသယ်ယာဉ်သုံးစီး၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ထွက်ခွာငြိမ်းသတ်ခဲ့ရာ ည ၁၁ နာရီ မိနစ်၂၀ ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ ဆက်လက်၍ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့(မန္တလေးတိုင်းရုံး)မှ အရေးပေါ်ရေသယ်ယာဉ်၊ ရှာဖွေကယ်ဆယ်ရေးယာဉ်နှင့်အတူ တိုင်းရုံးကယ်ဆယ်ရေး အဖွဲ့များက မီးသတ်တပ်ဖွဲ့များနှင့်အတူ ပူးပေါင်းကူညီဆောင်ရွက်ပြီး မီးလောင်သည့် နေအိမ်အတွင်းမှ သေဆုံးသူ အမျိုးသား နှစ်ဦး၊ အမျိုးသမီးတစ်ဦး၏ ရုပ်အလောင်းများကို ကူညီရှာဖွေမှုများ လုပ်ဆောင် ပေးခဲ့ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

လမ်းမီးများကို အလင်းရောင်ရှိသောအချိန်များ၌ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။
အလင်းရောင်အားနည်းလာသည့်အချိန်တွင် လမ်းမီးများကို အလိုအလျောက် ဖွင့်စေပြီး
အလင်းရောင်ပေါ်ထွက်လာပါက အလိုအလျောက်ပိတ်စေသည့်စနစ်ကို တပ်ဆင်ပါ။

### ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့၊ ကသစ်တန်းရပ်ကွက်ရှိ အကွက်အမှတ် ၂(ဂ)၊ ဈေးရပ်၊ ဦးပိုင်အမှတ်၊ (၃၈)၊ မြေရိယာ ၀ ဒသမ ၀၇၆ ဧကရှိ အရှေ့ဘက်တွင် ဦးပိုင်(၃၅)၊ (၃၆) ဒေါ်စန်း၊ အနောက်ဘက်၊ ဦးပိုင်(၃၉)၊ ဦးမြင့်အောင်၊ တောင်ဘက်၊ မိုးကောင်းလမ်း၊ မြောက်ဘက်၊ ဦးပိုင်(၃၇)ဒေါ်သန်းတို့၏ အလားလေးရပ်အတွင်းရှိ ခြံမြေအား ဒေါ်တင်မာလွင် ၇/အတန(နိုင်)၀၀၁၀၄၁ မှ မြေငှားဂရန်အသစ်ခွင့်ပြုရရှိရေး မြေပိုင်ဆိုင်မှုအထောက်အထားများတင်ပြပြီး လျှောက်ထားလာသဖြင့် သတင်းစာတွင်စတင်ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်နေ့အထိ ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လျှောက်ထားသူ ဒေါ်တင်မာလွင်အား မြေငှားဂရန်အသစ် ထုတ်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ မြသီတာလမ်း၊ မြသီတာကွန်ဒိုမြေပေါ်ရှိ(၂)ခန်းတွဲ (၈)ထပ်ခွဲတိုက် (၁၅)ခန်း(Lift - ပါ) တိုက်ရှိ တိုက်အမှတ်(၁)၊ အခန်းအမှတ်(၁)၊ (Pent House)၊ အကျယ်အဝန်း (၁၃၉၇) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သီဂီလှ (၂/လကန(နိုင်)၀၀၈၄၃၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးကျော်ကိုကိုအောင်မိုး (၁၂/သဃက (နိုင်) ၁၅၉၇၉၄)+ ဒေါ်ခင်သန်းလွင် (၉/မကန(နိုင်)၁၁၃၂၅၀) တို့က အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာ အပ်ပါသည်။

ဦးကျော်ကိုကိုအောင်မိုး+ဒေါ်ခင်သန်းလွင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်မြင့်မြင့်ဌေး LL.B.,LL.M.,WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ် -၁၀၄၇၉)
အမှတ် (၁၃၈)၊လမ်း(၄၀)(မြေညီ)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၇၉၉ ၆၃၄ ၆၃၆၊ ၀၉ ၄၃၀ ၆၃ ၅၅၆


# ရွှေမိုးကောင်းကွန်ဒို မှ

မိုးရာသီ အထူးပရိုမိုးရှင်း

(25%) အထူးလျှော့ဈေးဖြင့် ရောင်းချပေးနေပါသည်။

FACILITIES အပြည့်အစုံပါရှိ၍ လူနေထိုင်ခွင့်ကျပြီး ရန်ကင်းမြို့နယ်၊ အောင်ဇေယျလမ်း နှင့် မိုးကောင်းလမ်းမပေါ်ရှိ ရွှေမိုးကောင်းကွန်ဒို သို့ အရောက်လှမ်းလာခဲ့ရန် ဖိတ်ခေါ်ပါသည်။

ဆက်သွယ်ရန်ဖုန်း ၀၉ - ၃၆၁၂၈၈၁၄၊ ၀၉ - ၂၅၄၀၃၄၈၇၁




အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ ဤဌာနသို့ ဆောက်လုပ်ခွင့်လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | အမည် | မှတ်ပုံတင် | လိပ်စာ | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် |
|---|---|---|---|---|---|---|
| ၁ | ဦးကျော်စွာဝင်း | ၁၂/ဥကတ(နိုင်)၂၁၇၅၃၄ | ၈၈၊ ဇေယျာသုခလမ်း၊ က-ရပ်ကွက်၊ သဃ်န်းကျွန်း | ၅၃ | ၁/ထ | မအေးကြည် |
| ၂ | ဦးပြည့်စုံ | ၁၂/အစန(နိုင်)၁၉၄၆၁၀ | ၈၈၅၊ ရော(၁၅)လမ်း၊ ည-ရပ်ကွက်၊ မြောက်ဥက္ကလာပ | ည | ၈၈၅ | ဦးချစ်လှိုင်၊ ဦးမောင်မြင့် |
| ၃ | ဒေါ်သီသီမြိုင် | ၁၂/မရက(နိုင်)၀၉၅၂၆၃ | ၂၉၇/က၊ ခေမာသီလမ်းနှင့် ဝေပုလ္လလမ်းထောင့်၊ ဃ-ရပ်ကွက်၊ မြောက်ဥက္ကလာပ | ဃ | ၂၉၇/က | ဦးအောင်ဘုန်းငွေ |
| ၄ | ဒေါ်မြတ်မွန်ထွေး | ၈/ရနခ(နိုင်)၀၉၆၆၈၃ | ၃၆/က၊ ပိတောက်လမ်း၊ ၅-ရပ်ကွက်၊ ရွှေပြည်သာ | ၂၇ | ၃၆ | ဒေါ်သန်းညွန့် |
| ၅ | ဒေါ်စိန်ရီ | ၁၂/မရက(နိုင်)၀၂၇၄၀၈ | ၃၂၊ ဇေယျာသုခလမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း | ၁၂/သမိုင်း | ၁၇/ဃ အစိတ်အပိုင်း | မော်လဝီခါလီမူလာ |
| ၆ | ဒေါ်မြမြဝင်း | ၁၂/စခန(နိုင်)၀၃၉၀၈၂ | ၃၀၊ ရတနာသိဒ်လမ်း၊ မုန့်လက်ဆောင်းကုန်း/တောင်ရပ်ကွက်၊ စမ်းချောင်း | ၂၈-B | ၁၁၉ | ဦးသိန်းမောင်+၆ |
| ၇ | ဒေါ်အေးစန္ဒာ+၁ | ၁၂/မရက(နိုင်)၁၈၁၈၈၀ | ၄/၇၁(ခ)၄/၃၁၊ အောင်မင်္ဂလာ(၁)လမ်း၊ ၄-ရပ်ကွက်၊ မရမ်းကုန်း | ၃၅/သမိုင်း | ၄/ဃ-၂ အစိတ်အပိုင်း | ဦးသိန်းမောင် |
| ၈ | ဒေါ်နီ | ၁၂/မရက(နိုင်)၁၄၁၇၃၇ | ၄/၂၇/၈၄၊ အောင်မင်္ဂလာ(၁)လမ်း၊ ၄-ရပ်ကွက်၊ မရမ်းကုန်း | ၃၅/သမိုင်း | ၄/ဃ-၂ အစိတ်အပိုင်း | ဦးသိန်းမောင် |
| ၉ | ဦးမျိုးမင်းထွန်း | ၁၂/လသယ(နိုင်)၀၅၆၄၅၅ | ၁၀၀၄/ခ၊ ဦးပုညလမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း) | သကမ-၁၃ | ၁၀၀၄/ခ | ဦးထွန်းရီ |
| ၁၀ | ဒေါ်ချိုဝတီမွန် | ၁၂/အစန(နိုင်)၀၆၉၉၃၀ | ၁၄၃၀၊ ခေမာလမ်း၊ ၄၃-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၄၃ | ၈၆၅/၁၄၃၀ | ဦးတင်ထွန်း |
| ၁၁ | ဦးသန်းထွန်း | ၇/မညန(နိုင်)၀၇၉၂၉၄ | ၄၆၆၊ ယောမင်းကြီးလမ်းနှင့် သရဖီလမ်းထောင့်၊ ၅-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) | ၅ | ၄၆၆ | ဦးစိုးရှိန် |
| ၁၂ | ဦးခင်မောင်ထွေး | ၁၂/သဃက(နိုင်)၁၇၉၃၈၄ | ၂၃၊ လွတ်လပ်ရေးလမ်းသွယ်(၂)လမ်း၊ ဂ-ရပ်ကွက်၊ သဃ်န်းကျွန်း | ၄၉ | ၁၅/ဏ Portion | ဦးထွန်းလွင် |
| ၁၃ | ဒေါ်ဇင်မြတ်နှင်း | ၁၂/သဃက(နိုင်)၁၈၈၀၇၁ | ၁၅/က၊ သမာဓိ(၄)လမ်း၊ ဆ/က-ရပ်ကွက်၊ သဃ်န်းကျွန်း | ၂၉/က | ၂/ပ Portion | ဦးဆောင်း |
| ၁၄ | ဒေါ်ဇင်မာထွေး | ၁၂/ဒဂတ(ပြု)၀၀၁၂၉၅ | ၇၅၃/ခ၊ မင်းရဲကောင်းပုံလမ်းနှင့် အောင်ချမ်းသာ(၄)လမ်းထောင့်၊ ၇၀-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၇၀ | ၇၅၃/ခ | ဦးကျော်ဝင်း |
| ၁၅ | ဦးထင်အောင်ကျော် | ၁၂/ရပသ(နိုင်)၀၄၄၄၆၀ | ၂၂၀/ခ၊ ချင်းတွင်းလမ်း၊ ၆-ရပ်ကွက်၊ ရွှေပြည်သာ | ၁၈ | ၂၂၀/ခ | ဒေါ်မြင့်မြင့်ဝင်း |
| ၁၆ | ဦးမင်းအောင်+၁ | ၈/မဘန(နိုင်)၀၈၈၄၉၈ | အမှတ်(၃၉၈/ခ)၊ ပုလဲ(၂)လမ်း၊ ၄-ရပ်ကွက်၊ မြောက်ဥက္ကလာပ | ၄ | ၃၉၈/ခ | ဦးတင်လှ |
| ၁၇ | ဦးချစ်ကိုကို | ၁၂/ရကန(နိုင်)၀၃၆၈၀၄ | ၁၃၀၊ သုခရိပ်သာလမ်း၊ ၁၂-ရပ်ကွက်၊ ရန်ကင်း | ၃၆/ကံဘဲ့ | ၃၅ | K သာနိကိုဒီရာပုလဲ |

အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## အမှတ်(၂)တည်ဆောက်ရေး
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း
## (တင်ဒါအမှတ် - ၅ /၂၀၂၃-၂၀၂၄)

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့်ဆောင်ရွက်လျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့နယ်ရှိ နမ့်ပငချောင်း အသေးစားရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သော CVC ကွန်ကရစ် (75650)m³ ဖျော်စပ်ထုတ်လုပ်/အရောက်ပို့ခြင်း(Lot-19)အား ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာများ စတင်ရောင်းချမည့်ရက် - ၂၈-၈-၂၀၂၃ ရက် နှင့်အချိန် (နံနက် ၀၉:၀၀ နာရီ)
တင်ဒါလျှောက်လွှာများ နောက်ဆုံးရောင်းချမည့် ရက်နှင့်အချိန် - ၁၁-၉-၂၀၂၃ ရက် (ညနေ ၁၆:၀၀ နာရီ)
တင်ဒါလျှောက်လွှာများ နောက်ဆုံးလက်ခံမည့် ရက်နှင့်အချိန် - ၂၇-၉-၂၀၂၃ ရက် (ညနေ ၁၆:၀၀ နာရီ)

၃။ တင်ဒါလျှောက်လွှာပုံစံများနှင့် အသေးစိတ်အချက်အလက်များကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၂)တည်ဆောက်ရေး၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ-တွဲဖက်) ရုံး၊ မုံရွာမြို့တွင် သတ်မှတ်ရက်၊ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။
ဆက်သွယ်ရန်ဖုန်း- ၀၇၁-၂၀၂၃၂၂၉ ၊ ၀၉-၆၉၉၉၀၀၅၅၉

**တင်ဒါကော်မတီ**
**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့**

## အမျာသိစေရန် ကြေညာခြင်း

ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၃၅)၊ ယိုးဒယားကုန်း၊ အုပ်စုအမှတ်(၂၀)၊ အကွက်အမှတ်-၄(က)၊ အိုးဘိုတန်းအကွက်၊ ၁၉၉၁ခုနှစ်၊ ဦးပိုင်အမှတ်(၇)၊ ဧရိယာ(၀.၃၁၅)ဧကအနက်မှ (၀.၁၂၄)ဧကနှင့် ဦးပိုင်အမှတ်(၈)၊ ဧရိယာ(၀.၂၃၄)ဧကအနက်မှ (၀.၀၂၃)ဧကရှိ အိမ်ရာမြေပိုင်မြေများနှင့် မြေပေါ်ရှိ တဲအိမ်ငယ်အဟောင်း(၁)လုံးနှင့် မြေပေါ်၌ရှိသော သီးပင်စားပင်အရပ်ရပ်တို့မှာ နော်သိဂီထူး (ဘ)ဦးအယ်ဒီကြီး ၁၄/မမန(နိုင်)၀၀၂၃၄၂ အမှတ်(ဈ/၃၃/၉၇၃)၊ ဘုရင့်နောင်လမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့နေသူမှ လက်ရှိပိုင်ဆိုင်သူဖြစ်ပါသည်။ ၎င်းမြေကွက်နှင့်နေအိမ်အား အခြားမည်သူတစ်ဦးတစ်ယောက်နှင့်မျှ မသက်ဆိုင်ကြောင်း ကြေညာပါသည်။ ၎င်းမြေ၊ အိမ်အား မည်သူမျှပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ကျူးကျော်နေထိုင်ခြင်းမပြုရပါ။ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံတရားဝင် စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့် လာရောက် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**နော်သိဂီထူး**
**၁၄/မမန(နိုင်)၀၀၂၃၄၂**
**(လွှဲအပ်ညွှန်ကြားသူ)**

**ဦးတင်ဌေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၇၅၉)**
**အမှတ်(၂၁)၊ စကားဝါ(၆)လမ်း၊**
**အမှတ်(၄)ရပ်ကွက်၊ မြောင်းမြမြို့၊**
**ဖုန်း-၀၉-၇၇၅၂၂၉၉၄၇**

## ကန့်ကွက်နိုင်ကြောင်း အမျာသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ မြေကွက်အမှတ်-၂၇/က၊ ဗထူး (၁၀)လမ်း၊ (၂)ရပ်ကွက်၊ (အလျားပေ ၂၀x အနံပေ ၆၀ )၊ ဧရိယာ(၀.၀၂၇၅)ဧက၊ စတုရန်းပေ(၁၂၀၀)ရှိ အိမ်ခြံမြေနှင့် ၎င်းနှင့်သက်ဆိုင်သည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးအောင်ဝင်း (၁၂/သဃက(နိုင်)၁၁၉၈၆၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းကြွယ် (၉/မလန(နိုင်)၁၃၅၃၉၁)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန် ပြီးနောက်ပိုင်း ကန့်ကွက်မည်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမျာသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)** **ဒေါ်ခင်စောသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၈၆)**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉ ၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ကြောင်းအမျာသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ အကွက်အမှတ်(၆၀၉)၊ ဦးပိုင်အမှတ် (၄၆/ခ)၊ ဧရိယာ (၀ ● ၀၂၉၄)ဧကရှိဂရန်မြေနှင့် မြေပေါ်ရှိ အမှတ်(၉၅/၁၀)၊ ၇၆/အေလမ်း နှင့် ၂၆/အေလမ်းထောင့်ရှိ (၃)ထပ်ခွဲတိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်-၁၃၄၆/၉၇(၁၂-၉-၉၆)ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ၊ အမည်ပေါက်ပိုင်ရှင် **ဦးအလီယာမွတ် (၁၂/မဂတ (နိုင်) ၀၇၉၃၁၃)**ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ (သို့မဟုတ်) ရောင်းသူ၌ရောင်းချပိုင်ခွင့်မရှိကြောင်း ကန့်ကွက်လိုသူမည်သူမဆိုသည် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍(၁၄)ရက်အတွင်းကျွန်ုပ်ထံသို့ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် အဆိုပါနေ့ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီတရားဝင်အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအမျာသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လင်းအိခိုင်ဇင် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၂၅၄)**
**အမှတ်-၅၅၊ ဒုတိယထပ်၊ အခန်း (18)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၁၅၃၇၂၃**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ (၂၀၂၃-၂၀၂၄)ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနလက်အောက်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတိုးချဲ့ (၇)ထပ်ဆောင်တည် ဆောက်ရေးလုပ်ငန်း၏ Isolation Patient Room တွင် နည်းပညာဆိုင်ရာဖြည့်ဆည်းရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ် (၄)၊ နေပြည်တော်သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၂၉-၈-၂၀၂၃ ရက် အင်္ဂါနေ့)
တင်ဒါပိတ်မည့်ရက်နှင့် အချိန် - ၁၁-၉-၂၀၂၃ ရက် (တနင်္လာနေ့)၊ မွန်းတည့်(၁၂:၀၀)နာရီ
ဆက်သွယ်ရန်ဖုန်းနံပါတ် - ဖုန်း-၀၆၇-၃၄၁၁၆၃၃၊၀၆၇-၃၄၁၁၅၄၄၊ ၀၆၇-၃၄၁၁၆၂၅

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## မွေးသက္ကရာဇ်မှန်နှင့် ဖခင် အမည်မှန်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့ အထက(၂) Grade-11 တွင်ပညာသင်ကြားနေသော ခင်မြတ်မင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၄-၂၀၀၇ ဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးဦးမြင့်မောင် ၁၁/ ကဖန(နိုင်)၀၄၁၀၆၂ ဖြစ်ပါကြောင်း။ **ဦးဦးမြင့်မောင်**

## ဖခင်အမည်မှန်

လားရှိုးမြို့၊ လှိုင်းတက် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မနန်းမြင့်မြတ်မြတ်စိုး၏ ဖခင်အမည်မှန်မှာ ဦးညီညီစိုးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ထားဝယ်မြို့၊ ရှမ္မလည်ဆွဲရပ်၊ မြေသာယာလမ်းနေ ကျွန်တော် ဦးညီညီကျော် ၆/ထဝန(နိုင်)၁၀၄၇၁၃ နှင့် ဒေါ်စုစုဖွေး ၆/သရခ(နိုင်) ၀၉၁၅၀၀တို့သည် ၂၀၁၃ ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်လာခဲ့ရာ သားတစ်ဦးထွန်းကားခဲ့ပါသည်။ ဤသို့ပေါင်းသင်းနေထိုင်လာခဲ့ရာ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ၃၀-၁၁-၂၀၂၁ ရက်က အသိသက်သေများရှေ့မှောက်တွင်စာချုပ်ချုပ်ဆို၍ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှသက်ဆိုင်ခြင်းမရှိကြောင်း အမျာသိစေရန်ကြေညာအပ်ပါသည်။

**ဦးညီညီကျော်**
**ဒေါ်စုစုဖွေး**

## ဘိုးဘပိုင်/ မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ထားဝယ်မြို့၊ ဇရစ် / ခုံဝင်းဒပ်ရပ်ကွက် ၊ အကွက်အမှတ် (၅၂) ၊ အကွက်အမည် - ဇရစ်၊ ဦးပိုင်အမှတ် (၇၆.ခ )၊ မြေဧရိယာ (၀ ဒသမ ၀၃၄)ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

| | | |
|---|---|---|
| (က)အရှေ့လားသော် | - | ကလောင်ဆွေလမ်း |
| ( ခ )အနောက်လားသော် | - | နောက်ဖေးလမ်း |
| (ဂ )တောင်လားသော် | - | ဦးပိုင်အမှက်(၇၅) |
| ( ဃ)မြောက်လားသော် | - | ဦးပိုင်အမှတ်(၇၆.က) |

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်လှဝင်းမှ လျှောက်ထားလာသည့်အတွက် ယင်း၏ အမည်ကိုပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်းကန့်ကွက်လိုသူများရှိပါက ၂၀၂၃ခုနှစ် စက်တင်ဘာလ ၂ ရက်မတိုင်မီသက်ဆိုင်ရာစာရွက်စာတမ်းအထောက်ထားများနှင့်တကွ အောက်တွင် လက်မှတ် ရေးထိုးသူထံ ကန့် ကွက်နိုင်ကြောင်းကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းဦးစီးဌာန**
**ထားဝယ်မြို့**

## အမျာသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ်(၅/ဖ-၂၉)၊ ဧရိယာ(၀ဒသမ၀၅၆)ဧကရှိ ဘီ လ/န ၃၉ ရပြီး (အိမ်ရာမြေသတ်မှတ်) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးထွန်းလှိုင်အမည်ပေါက်ဖြင့်တည်ရှိပြီးယခုအခါ ဦးဝင်းစိန် ၁၂/လမန (နိုင်) ၀၄၁၉၉၈မှ ၎င်းမြေကွက်နှင့်ပတ်သက်၍ ကိုယ်စားလှယ်လွှဲစာ ရရှိထားသူဖြစ်၍ ယင်းမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့် အရပ်ရပ်အား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိ ပြုပြော ဆိုသဖြင့် ထိုမြေကွက်အား အပြီးအပိုင်လွှဲပြောင်းလက်ရောက် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မဟန်နီစန်း ၁၂/လမန(နိုင်) ၁၅၃၆၁၈မှ ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက် အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမျာသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ကေရီကျော် (LL.B,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၅၀၅)**
**အမှတ်(၇)မြို့ပြအင်ဂျင်နီယာဝင်း၊ ဖွဲနုဆီစက်လမ်း၊**
**ရွာမအနောက်ရပ်ကွက်၊ အင်း စိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၅၀၀၈၅၀၅၁၊ ၀၉-၇၇၃၈၅၀၈၉**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၊ စမ်းချောင်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၄/စမ်းချောင်းကွက်သစ်)၊ ဦးပိုင်အမှတ်(၄၄)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးကျော်ကျော်နိုင် (၈/မထန(နိုင်)၀၁၁၅၇၃ အမည်ပေါက်၊ သရက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲအမှတ်၊ Serial No.025(1)/1998 အရ ၁၉-၁-၁၉၉၈ ရက်မှ ၁၈-၁-၂၀၂၈ ရက်အထိ ထုတ်ပေးထားသော နှစ်(၃၀) မြေငှားဂရန်အား ဦးကျော်ကျော်နိုင်ထံမှ အောင်လံမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ် (၇/၂၀၂၃)ဖြင့် ဒေါ်သာဝေဦးမှ အိမ်ခြံမြေအား နှစ်ဦးသဘောတူ အပြီးအပိုင်ရောင်းချဝယ်ယူသည့်စာချုပ်ချုပ်ဆို၍ ဝယ်ယူခဲ့မှုအပေါ် ဒေါ်သာဝေဦးက ၎င်းအမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းထုတ်ပေးပါရန် အောင်လံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက် အတွင်း ဤရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ၎င်းရက်ကျော်လွန်ပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်အမည်ပြောင်းထုတ်ပေးခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အုပ်ချုပ်ရေးမှူး(ကော်လိတ္တော်အရာရှိ)**
**အောင်လံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သာခုကန်ကျေးရွာ၊ ဇေယျာသီရိလမ်း၊ အမှတ်(၃/၂၀၈) ဟုခေါ်တွင်သော အကျယ်အဝန်း (ပေ ၂၅x ပေ ၆၀) ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်နေအိမ်တစ်လုံး၊ ရေမီးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်အရ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ရီရီဝင်း ၁၂/အစန(နိုင်)၀၆၄၉၇၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါအိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ (၇) ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အမျာသိစေရန် ကြေညာအပ်ပါသည်။

**ဦးကံမော် ၁၂/အစန (နိုင်) ၂၂၄၃၉၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး၊** **ဒေါ်ရီလေးမော် (LL.B) (စဉ် - ၁၄၇၀၇)**
**အင်းစိန်မြို့နယ်၊ ဖုန်း - ၀၉-၄၂၀၀၈၉၃၈၀** **တရားလွှတ်တော်ရှေ့နေ**

## ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးစိုင်းကျော်လှ ၁၃/တယန(နိုင်)၀၇၈၄၂၅ ၏နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ) မှာပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၂၈၂၈၃၅၆

## ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅)
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## ၂၀၂၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်- ၅၀

ဦးအုန်းညွန့် ပါ - ၆ နှင့် လျှောက်ထားသူများ
ဦးချစ်တင် (မိမိနှင့်ရွှေဂွန်းကျေးရွာ လျှောက်ထားခံရသူများ
အစ္စလာမ်ပရဟိတစာသင်ကျောင်း
အုပ်ချုပ်မှုကော်မတီကိုယ်စား )ပါ- ၂

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ လ ၃၀ ရက်စွဲပါကရင်ပြည်နယ်တရားလွှတ်တော်၏ ၂၀၂၂ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် - ၆၉ ၏ စီရင်ချက် နှင့် ထုံးပုံကျအပြီးသတ်အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာနှင့် ပတ်သက်၍ လျှောက်ထားခံရသူ(၂) ဦးအောင်လင်းဦး၊ ပြည်တော်သာလမ်း၊ အမှတ် (၅) ရပ်ကွက်၊ ရွှေဂွန်းကျေးရွာ၊ ရွှေဂွန်းကျေးရွာအုပ်စု၊ လှိုင်းဘွဲ့မြို့နယ်၊ ကရင်ပြည်နယ် (ယခင်လိပ်စာ ၊ ယခုလိပ်စာမသိနေ) သိစေရမည်။

ဤအမှုတွင် ကရင်ပြည်နယ်တရားလွှတ်တော်၏ စီရင်ချက်နှင့် ထုံးပုံကျအပြီးသတ်အမိန့် မှ ပြင်ဆင်မှု လျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဒေါ်မိုးမြင့်နိုင် ၊ ဒေါ်ဝါဝါမေစောသိဏ်း၊ ဒေါ်မြဆန်းထက်တို့က တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ လ ၂၀ ရက်နေ့ နံနက်(၁၀)နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေကဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ် လ ၂၃ ရက်နေ့ ၊ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တင်မေလတ်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## ဒေါ်သန္တာဦးနှင့် အမျာသိစေရန် အသိပေးကြေညာခြင်း

Astra Zeneca Covid ကာကွယ်ဆေးဝယ်ယူရန် ဒေါ်သန္တာဦး (၁၂/သဃက (နိုင်)၁၈၃၁၀၅)မှ England နိုင်ငံထုတ် Astra Zeneca Covid ကာကွယ်ဆေးအား ဩစတြေးလျနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံသို့ တရားဝင်တင်သွင်းခွင့်ရရှိရန် တာဝန်ယူဝယ်ယူဆောင်ရွက်ပေးနိုင်ကြောင်း ဝန်ခံဂတိပြုကမ်းလှမ်းခဲ့သည်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဒေါ်သန္တာဦး (၁၂/သဃက(နိုင်)၁၈၃၁၀၅)အား England နိုင်ငံထုတ် Astra Zeneca Covidကာကွယ်ဆေးအား ရန်ကုန်အရောက်ကုန်ပစ္စည်းတင်ပို့ရယူနိုင်ရန် ယုံကြည်မှုဖြင့် Astra Zeneca Covid ကာကွယ်ဆေး (အလုံးအရေအတွက် ၁ သိန်းစာ) တန်ဖိုးငွေ၏ တစ်စိတ်တစ်ပိုင်း စရန်ငွေသိန်း (၈၀၀)ကျပ်တိတိကို ပေးချေထားပြီးဖြစ်ပါသည်။ Astra Zeneca Covid ကာကွယ်ဆေးဝယ်ယူရန် ဒေါ်သန္တာဦး (၁၂/သဃက(နိုင်)၁၈၃၁၀၅)မှ စာချုပ်ပါစည်းကမ်းချက် ကမ်းလှမ်းချက်များကို ဖောက်ဖျက်ကာ စာချုပ်ပါကတိတာဝန်များကို ဆောင်ရွက်မပေးဘဲ ယနေ့အချိန်ထိ ကာကွယ်ဆေးမှာယူတင်သွင်းသူ လုပ်ငန်းရှင်၏ စရန်ငွေများကို လိမ်လည်ရယူပြီး တိမ်းရှောင်နေကြောင်း စာချုပ်ပါအသိသက်သေများ၏ပြောကြားချက်အရ သိရှိခဲ့ရပါသည်။ ကာကွယ်ဆေးမှာယူတင်သွင်းသူ လုပ်ငန်းရှင်မှ အကြိမ်ကြိမ်ဆက်သွယ်ကမ်းလှမ်းခဲ့သော်လည်း ဒေါ်သန္တာဦးမှ စရန်ငွေများရယူ လိမ်လည်တိမ်းရှောင်ဆဲဖြစ်ကြောင်း လုပ်ငန်းအပ်နှံပြီး ၁ နှစ် ၉လ ကြာသည့်တိုင် လုပ်ငန်းပြီးစီးအောင် မဆောင်ရွက်ပေးခဲ့သော ဖြစ်စဉ်များအရ ပေါ်လွင်လျက်ရှိပါသည်။ ဥပဒေအရ အမျာသိစေရန် ကြော်ငြာပါပြီးသည့်ရက်မှ ၇ ရက်အတွင်း ကာကွယ်ဆေးမှာယူတင်သွင်းသူ လုပ်ငန်းရှင်ထံ တစ်စုံတစ်ရာဆက်သွယ် အကြောင်းကြားခြင်း၊ နစ်နာခဲ့မှုများအတွက် ကျေနပ်အောင်ဆောင်ရွက်ပေးခြင်းမရှိပါက မြန်မာနိုင်ငံတည်ဆဲဥပဒေ ရာဇဝတ်ကျင့်ထုံးများနှင့်အညီ သက်ဆိုင်ရာတွင် အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြောင်းကြား အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-ဦးရဲမြတ်နောင် (LL.B) (စဉ် -၃၆၄၁၈)**
**အမှတ်၁၅၈ လမ်း ၅၀ အထက်၊ ၇လွှာဝဲ၊ ပုဇွန်တောင်မြို့နယ်ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၅၆၂၀၁၇၃၊ ၀၉-၉၈၃၁၂၃၂၃၉**

## အမည်ပြောင်း

ဦးချမ်းငြိမ်းထွန်း(၃/လဘန (နိုင်)၀၅၃၈၈၇)၏သား၊ မန္တလေးမြို့၊ မန္တလာနယ်ဆင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-2 မှ မောင်သုတထွန်းအား မောင်သုတအေးချမ်းဟုပြောင်းလဲခေါ်ပါရန်။

**မောင်သုတအေးချမ်း**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာ(၅)ရပ်ကွက်၊ မြေတိုင်း(၁၇)၊ ချယ်ရီလမ်း၊ ခြံကွက်အမှတ်(၅၇၃) အမည်ပေါက် ဦးမင်းစိန် ရရှိထားသော မြေပေးမိန့်မူရင်း ပျောက်ဆုံးသွား၍ မိတ္တူမှန်ပြန်လည် လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးမင်းစိန်**
**အမှတ်(၁၇၊ ၅၇၃)၊**
**ချယ်ရီလမ်း၊ ဥဿာ(၅)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/95504 ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်မြင့် ၇/အတန(နိုင်) ၀၃၀၁၄၃က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/80934 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းနွဲ့မော် ၇/တငန(ပြု) ၀၀၀၉၅၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တောင်ငူ)**

## အလိမ္မာ စာမှာရှိ

## ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်သမဝါယမအသင်းစု အိတ်ဖွင့်လေလံလျှောက်လွှာခေါ်ယူခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ သမဝါယမအသင်းစုလီမိတက် ဂရန်အမည်ပေါက်ပိုင်ဆိုင်ထားသည့် တောင်ငူမြို့နယ် (၁၆)ရပ်ကွက်၊ နဂါးရုံဘုရားလမ်းရှိ မြေ ၀ ဒသမ ၀၈၃ ဧက (၀.၀၈၃) ဧကနှင့် ယင်းမြေပေါ်ရှိ တစ်ထပ် အဆောက်အအုံအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

**လေလံလျှောက်လွှာရောင်းချမည့်နေ့ရက်** - ၂၄-၈-၂၀၂၃ ရက်မှ ၃၁-၈-၂၀၂၃ ရက်အထိ

**လေလံလျှောက်လွှာပိတ်သိမ်းမည့်နေ့ရက်** - ၃၁-၈-၂၀၂၃ရက် ညနေ (၁၆:၀၀) နာရီ

**လေလံတင်ရောင်းချမည့်နေ့ရက်** - ၁-၉-၂၀၂၃ ရက် နံနက် (၁၁:၀၀)နာရီ

**လေလံလျှောက်လွှာရောင်းချမည့်နေရာ** - မြို့နယ်သမဝါယမအသင်းစု လီမိတက်ရုံး၊ (၁၆)ရပ်ကွက်၊ နဂါးရုံဘုရားလမ်း၊ တောင်ငူမြို့နယ်

**လေလံလျှောက်လွှာထည့်သွင်းဖွင့်ဖောက် ရောင်းချမည့်နေရာ** - မြို့နယ်သမဝါယမအသင်းစု လီမိတက်၊ (၁၆)ရပ်ကွက်၊ နဂါးရုံးဘုရားလမ်း၊ တောင်ငူမြို့နယ်

**ဆက်သွယ်ရန်-ဖုန်း ၀၉-၄၂၈၁၅၀၁၃၄၊ ၀၉-၅၃၅၀၁၀၇၊ ၀၉-၂၅၀၃၀၀၇၃၅**

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**
**တောင်ငူမြို့နယ်သမဝါယမအသင်းစုလီမိတက်**
**တောင်ငူမြို့**

## အများသိစေရန် ကြေညာခြင်း

